# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

e - paper ဖတ်ရှုရန်

၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday, 8 September 2026 ၁၂၂၉၅


**ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း**

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘော ပေတည်း။

ယမကဝဂ်( ဓမ္မပဒ-၅)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၅၄ / ၂၀၂၆)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်
( ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် )

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာခြင်း**

၁။ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်(မဲအများဆုံးရသူအနိုင်ယူစနစ်)၊ မြိတ်မြို့နယ်မဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံထားရသော ကိုယ်စားလှယ် အမှတ်(၁) ဦးခိုင်ဦး၏ ရွေးကောက်တင်မြှောက်ခံရခြင်းကို ယင်းမဲဆန္ဒနယ်၌ ယှဉ်ပြိုင်အရွေးခံသူ ဦးဝင်းကြူက ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၉ အရ ရွေးကောက်ပွဲခုံအဖွဲ့ဖြင့် လည်းကောင်း၊ ပုဒ်မ ၇၅ အရ ရွေးကောက်ပွဲ ကန့်ကွက်လွှာအယူခံမှုဖြင့် လည်းကောင်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၇

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

**အောင်မြင်တက်လှမ်း အခွင့်အလမ်းကောင်းများနှင့် လွှမ်းခြုံအောင်မြင် မြန်မာ-ဗီယက်နမ် ခရီးစဉ်**

ဆောင်းပါး စာမျက်နှာ » ၆

## မြန်အောင်မြို့နယ်၌ မမြဆည်တာတမံ တာဆင်ခြေလျှောနိမ့်ကျမှု ဆက်လက်မဖြစ်ပွားစေရန် ၂၄ နာရီ ကြည့်ရှုစောင့်ကြပ်လျက်ရှိ

မြန်အောင် စက်တင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအုပ်စု မမြဆည်တာတမံ RD-9900 နှင့် RD-10000 အကြား မြေသားအလျား ၇၅ ပေခန့်၊ အနံ(အကျယ်) ပေ ၆၀ ခန့်တွင် မြေသား တစ်ပေခွဲခန့် တာဆင်ခြေလျှောနိမ့်ကျမှု(Slide) ဖြစ်ပွားခဲ့သည်။

မမြဆည်တာတမံ တာဆင်ခြေလျှောနိမ့်ကျမှု တာအိလျှောကျခြင်း ဆက်လက်မဖြစ်ပွားစေရန် မြန်အောင်ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနတို့က ဦးဆောင်၍ ကျောက်အိတ်များဖြင့် တာထောက်ခြင်း လုပ်ငန်း၊ တာအက်ကြောင်းအတွင်း မိုးရေမဝင်ရန် အက်ကြောင်း ဖြစ်ပေါ်ရာနေရာတစ်ခုလုံးကို ခြုံငုံမိစေရန် မိုးကာဖြင့် အမိုးပြုလုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၄ သို့ ■

## လေးမျက်နှာမြို့နယ် ဝေန်မြစ်ရေတိုက်စားမှုကြောင့် ဝေန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျသည့်နေရာတွင် တာတမံပိတ်ဆို့ ကာရံခြင်းလုပ်ငန်းများ ဆောလျင်စွာပြီးစီးရေး စီမံဆောင်ရွက်နေ

နေပြည်တော် စက်တင်ဘာ ၇

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ဝေန်မြစ်ရေတိုက်စားမှုကြောင့် ဝေန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျမှု ဖြစ်ပွားပြီး မြစ်ရေစီးကျော်ဝင်သည့် နေရာတွင် တာတမံပိတ်ဆို့ ကာရံခြင်းလုပ်ငန်းများ ဆောလျင်စွာပြီးစီးရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪



## ဝေါမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်



ဝေါ စက်တင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စက်မှုလယ်ယာ ဦးစီးဌာန အမှတ်(၅၀) စက်မှုလယ်ယာ စခန်းက ကြီးမှူးဖွင့်လှစ်သည့် လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်း အမှတ်စဉ်(၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက စက်မှုလယ်ယာစခန်း သင်တန်းခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**

**တွန်းဇံမြို့အတွက် ပေးပို့သည့် ဆက်သွယ်ရေးဆိုင်ရာ စက်ပစ္စည်းများ တီးတိန်မြို့သို့ ရောက်ရှိ**

စာမျက်နှာ » ၅

**ပြည်ပပို့ကုန် ပဲစင်းငုံ တိုးချဲ့စိုက်ပျိုး ဝင်ငွေတိုး**

ဆောင်းပါး စာမျက်နှာ » ၁၀

**ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ**

စာမျက်နှာ » ၉

ကြေးမုံ

# အပြန်အလှန်မိတ်ဖက်ဆက်ဆံရေး အနာဂတ်အကျိုးစီးပွားဖြစ်ထွန်းမည်

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်ရည်ရွယ်ပြီး နိုင်ငံတော်သမ္မတ၏ ဗီယက်နမ်ခရီးစဉ်အတွင်း မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖိုရမ်တစ်ရပ်ကို စက်တင်ဘာလ ၆ ရက်နေ့က ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါဖိုရမ်တွင် နိုင်ငံတော်သမ္မတက "နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံရေးနှင့် သံတမန်ရေးရာကဏ္ဍများတွင်သာမက လုံခြုံရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ကဏ္ဍပေါင်းစုံတွင် ကျယ်ပြန့်နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံရေးသည် ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေးအပြောင်းအလဲများ၊ စိန်ခေါ်မှုများမြင့်မားနေသည့် ကာလအတွင်း၌ပင် အပြန်အလှန်လေးစားမှုများဖြင့် ဒေသတွင်းတွင် အားကောင်းခိုင်မာစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံ၏အနာဂတ်တွင် ပိုမိုတိုးတက်ဖွံ့ဖြိုးနိုင်မည့် အလားအလာကောင်းများကို ထင်ဟပ်ဖော်ပြနေကြောင်း" ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အရေးပါသည့် ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်၊ ရေထွက်ကုန်နှင့် စားသောက်ကုန်များကို ဗီယက်နမ်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချလျက်ရှိသည်။ ဗီယက်နမ်နိုင်ငံမှ ဓာတ်မြေဩဇာ၊ ပလတ်စတစ်ထုတ်ကုန်များ၊ မော်တော်ယာဉ်နှင့် အပိုပစ္စည်းများ၊ သံမဏိထုတ်ကုန်များကို အဓိကတင်သွင်းလျက်ရှိသည်။ ဗီယက်နမ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံတွင် ထုတ်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍတို့တွင် အဓိကဆောင်ရွက်နေကြပြီး သတ္တု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသည်။

ထင်ရှားသည့် ရင်းနှီးမြှုပ်နှံမှုတစ်ရပ်အနေဖြင့် ၂၀၁၈ ခုနှစ်တွင် စတင်ခဲ့သည့် Mytel Myanmar လုပ်ငန်းသည် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးလုပ်ငန်းတွင် အရေးပါသည့်အခန်းကဏ္ဍမှပါဝင်နေပြီး နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု၏ စံနမူနာကောင်းတစ်ခုဖြစ်သည်။ အနာဂတ်တွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ဆက်သွယ်ရေး၊ နည်းပညာ၊ စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေး၊ စွမ်းအင်နှင့် ခရီးသွားလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အပါအဝင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားရန် ယုံကြည်ထားသည်။ ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသကဲ့သို့ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းစေရန်အတွက်လည်း အဓိကကျသည့် မောင်းနှင်အားတစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှဒေသတွင် တရုတ်၊ အိန္ဒိယ၊ တောင်အာရှ၊ အရှေ့တောင်အာရှနှင့် အိန္ဒိယသမုဒ္ဒရာတို့ကို ဆက်သွယ်ပေးနိုင်သည့် အချက်အချာနေရာတွင် တည်ရှိသည်။ စိုက်ပျိုးဖြစ်ထွန်းသည့် မြေဧရိယာများစွာ ရှိသကဲ့သို့ သဘာဝသယံဇာတများ၊ ရေချိုနှင့် ရေငန် သဘာဝအရင်းအမြစ်များ ပေါများကြွယ်ဝသည်။ ဗီယက်နမ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် ဒေသတွင်း သဘောတူညီချက်များကိုအခြေပြု၍ မြန်မာနိုင်ငံမှ မိတ်ဖက်စီးပွားရေးလုပ်ငန်းများနှင့် အကျိုးတူပူးပေါင်းကာ အခြေခံသွင်းအားစုထုတ်လုပ်ခြင်း၊ စားသောက်ကုန်နှင့် ရေထွက်ကုန်ပြုပြင်ထုတ်လုပ်ခြင်း စသည့်တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုစက်ရုံများ တည်ထောင်ခြင်းလုပ်ငန်းများတွင် ကမ္ဘာ့စားရေရိက္ခာတန်ဖိုး ကွင်းဆက်အတွင်း အတူတကွဝင်ရောက်နိုင်ရန် နိုင်ငံတော်သမ္မတက ဖိတ်ခေါ်ခဲ့သည်။

ထို့အပြင် ဒီဂျစ်တယ်အခြေခံအဆောက်အအုံ၊ ဆိုက်ဘာလုံခြုံရေး၊ အစိုးရဝန်ဆောင်မှုများကို ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဆက်သွယ်ရေးနည်းပညာ၊ ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ စီးပွားရေးဝန်းကျင် ဖော်ဆောင်ရေးတို့တွင် ဗီယက်နမ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုဖိတ်ခေါ်ခဲ့သည်။ ကျင်းပပြုလုပ်ခဲ့သည့် မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်တွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင် ၆၀၀ ခန့် တက်ရောက်ခဲ့ကြပြီး လုပ်ငန်းရှင်များအကြား နားလည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာများ အပြန်အလှန်လက်မှတ်ရေးထိုးခြင်းနှင့် နှစ်နိုင်ငံမှ ထုတ်ကုန်ပစ္စည်းများကို ပြခန်းပေါင်း ၂၀ ကျော် ခင်းကျင်းပြသနိုင်ခဲ့ကာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်သမ္မတကြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ခရီးစဉ် သွားရောက်ခဲ့ခြင်းသည် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုထက်ပိုမိုသည့် မိတ်ဖက်ဆက်ဆံရေးအောက်တွင် အထူးသဖြင့် စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ပြည်သူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှုအပါအဝင် ကဏ္ဍပေါင်းစုံ၊ နယ်ပယ်စုံတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စများကို အနာဂတ်တွင် အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ သောင်းထိုက် | ပါမောက္ခချုပ်<br>ရန်ကုန်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ မင်းမင်းရီ | ပါမောက္ခချုပ်<br>မန္တလာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## ၇ - ၉ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန် မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်း** မှာ ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## (၇-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၂,၇၀၄,၈၈၈.၃၆ | ၁,၁၃၈,၃၁၃.၄၀ | ၇၁,၇၉၈,၃၄၉.၈၈ | - |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၇ - ၉ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၀၀၀ | ၁၈,၀၀၀ | ၄၆၅ | ၈,၃၇၀,၀၀၀ |
| MTSH | ၈,၈၀၀ | ၈,၈၀၀ | ၁,၉၀၉ | ၁၆,၇၄၉,၂၀၀ |
| MCB | ၁၃,၀၀၀ | ၁၂,၅၀၀ | ၄၂၂ | ၅,၂၈၆,၀၀၀ |
| FPB | ၇,၀၀၀ | ၇,၁၀၀ | ၃,၄၆၂ | ၂၄,၁၂၈,၂၀၀ |
| TMH | ၃,၅၅၀ | ၃,၄၀၀ | ၆၀ | ၂၀၅,၈၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၃,၅၅၅ | ၆,၅၂၆,၇၅၀ |
| AMATA | ၄,၃၀၀ | ၄,၃၀၀ | ၅၇ | ၂၄၅,၁၀၀ |
| MAEX | ၆,၇၀၀ | ၆,၇၀၀ | ၁,၉၈၆ | ၁၃,၃၀၆,၂၀၀ |
| MADPL(PLB) | ၆,၆၀၀ | ၆,၆၀၀ | ၅၆ | ၃၆၉,၆၀၀ |
| ASPGB(PLB) | ၆,၇၀၀ | ၆,၇၀၀ | ၄,၇၈၅ | ၃၁,၆၂၉,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀)ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)*

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ်(၁/၂၀၂၆)ကို ဆုံးဖြတ်ချက်(အမိန့်)ချမှတ်

နေပြည်တော် စက်တင်ဘာ ၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဒေါ်ခင်သင်းဝေတို့ပါဝင်သည့် စုံညီခုံရုံးသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)၊ စုံညီခုံရုံး၌ ရုံးထိုင်၍ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ်(၁/၂၀၂၆)ကို ဆုံးဖြတ်ချက်(အမိန့်)ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❒ **ရှေ့ဖုံးမှ**

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၇-၉-၂၀၂၆ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ်( ၁ /၂၀၂၆ ) ဆုံးဖြတ်ချက်တွင် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)၊ မြိတ်မြို့နယ်မဲဆန္ဒနယ်အတွက် ဦးခိုင်ဦးအား လွှတ်တော်ကိုယ်စားလှယ် အမှတ်( ၁ ) အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ် ( ၁ ) အဖြစ် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူမှာ ဦးဝင်းကြူဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(က) အရ ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူ့ပါတီမှ ဦးခိုင်ဦး [ ၆/မအရ(နိုင်) ၀၉၈၁၇၄ ] သည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)၊ မြိတ်မြို့နယ်မဲဆန္ဒနယ်၏ လွှတ်တော်ကိုယ်စားလှယ် အမှတ် ( ၁ ) မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးဝင်းကြူ [ ၆/တသရ (နိုင်) ၀၁၂၂၆၇ ] ဖြစ်ကြောင်း သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅ (ခ) အရ သတ်မှတ်ကြေညာလိုက်သည်။

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) တွင် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်း ပြောင်းလဲသတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၅၅ / ၂၀၂၆ )
၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်
( ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် )

**တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) တွင် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်း ပြောင်းလဲသတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၇- ၉-၂၀၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက်အမှတ် (၅၄ /၂၀၂၆) အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၁-က နှင့်အညီ မြိတ်မြို့နယ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် အမှတ် ( ၁ ) ဦးခိုင်ဦး ရရှိသည့် ဆန္ဒမဲရလဒ်များကို နုတ်ပယ်၍ ကျန်ရှိသော ခိုင်လုံမဲများကို သတ်မှတ်ထားသည့်အတိုင်း ပြန်လည်တွက်ချက်ရာတွင် လောင်းလုံးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် အမှတ် ( ၂ ) ဖြစ်သူ ပြည်သူ့ပါတီမှ ဦးတင်စိုး [ ၆/ဘပန(နိုင်) ၀၁၃၁၀၄ ] သည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၈ (ဃ) အရ နိုင်ငံရေးပါတီများက ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ စာရင်းအရ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ် ( ၁ ) တွင် လောင်းလုံးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် အမှတ် ( ၂ ) မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဒေါ်မြမြစိမ်း [ ၆/ထဝန(နိုင်)၀၇၀၉၁၀ ] ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်။

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်ရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၂၂၆၃၅၆ / ၁၀ = ၂၂၆၃၅

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | |
| | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၂၂၆၃၅၆ | ၈ | | ၂ | ၁၀ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၄၃၂၄ | ၅ | ၂၁၁၄၉ | ၁ | ၆ | |
| | | ၂။ | ပြည်သူ့ပါတီ | ၄၉၂၆၈ | ၂ | ၃၉၉၈ | - | ၂ | |
| | | ၃။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၂၇၆၄ | ၁ | ၂၀၁၂၉ | ၁ | ၂ | |

**ရှင်းလင်းချက်။** ၃၁ - ၁ - ၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ခဲ့သည့် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ် (၁) အတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်ရရှိမှုအခြေအနေ တွက်ချက်မှုစာရင်းအား ပယ်ဖျက်၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၁ - က နှင့်အညီ ပြန်လည်တွက်ချက်ထားခြင်းဖြစ်ပါသည်။

# (၂၃) ကြိမ်မြောက် အရှေ့တောင်အာရှကြက်ခြေနီလခြမ်းနီအသင်းခေါင်းဆောင်များ အစည်းအဝေးဖွင့်ပွဲကျင်းပ

ရန်ကုန်   စက်တင်ဘာ   ၇

မြန်မာနိုင်ငံကြက်ခြေနီအသင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ၂၃ ကြိမ်မြောက် အရှေ့တောင်အာရှကြက်ခြေနီလခြမ်းနီအသင်းခေါင်းဆောင်များ အစည်းအဝေးဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Hotel ၌ ကျင်းပသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အရှေ့တောင်အာရှကြက်ခြေနီလခြမ်းနီအသင်းခေါင်းဆောင်များ အစည်းအဝေးကို ၂၀၁၂ ခုနှစ်တွင် အိမ်ရှင်အဖြစ် ပထမအကြိမ် လက်ခံကျင်းပခဲ့ပြီး ယခု ၂၀၂၆ ခုနှစ်တွင် အိမ်ရှင်အဖြစ် ဒုတိယအကြိမ် လက်ခံကျင်းပခြင်းဖြစ်သည်။




ဖွင့်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အစည်းအဝေးနှင့် ဆက်စပ်ဖိုရမ်များကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသော အစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သည့် "Unity in Humanitarian Action: Building a Better Tomorrow" သည် ယနေ့ခေတ် ကမ္ဘာတစ်ဝန်း ကြုံတွေ့လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ရန် စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုကို ပေါ်လွင်ထင်ဟပ်စေပါကြောင်း။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကဏ္ဍတွင် နိုင်ငံတော်၏ အရန်အင်အားအဖြစ် နိုင်ငံတစ်ဝန်း ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုများတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လိုအပ်နေသူများထံ ရောက်ရှိနိုင်ရေး အစဉ်အမြဲပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့အတူ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမျိုးညွန့်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ Asia Pacific Regional Office မှ Deputy Regional Director Ms. Juja Kim နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC) Geneva မှ Director of International Law, Movement and Partnership Dr. Cordula Droege တို့က နှုတ်ခွန်းဆက်စကားပြောကြားကြကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန်   စက်တင်ဘာ   ၇

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ (International Day of Clean Air for Blue Skies) အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၇ ရက်က ပြုလုပ်သည်။



အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ၂၀၂၆ ခုနှစ်အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် "Clean Air for Climate Action" "ရာသီဥတုကောင်းမွန်ဖို့ သန့်ရှင်းသောလေဖန်တီးစို့" နှင့်အညီ ရာသီဥတုပြောင်းလဲမှုနှင့် လေထုညစ်ညမ်းမှုက ကမ္ဘာမြေနှင့် လူသားအပြန်အလှန်ဆက်နွှယ်နေသည့် လုပ်ဆောင်ချက်တစ်ခုဖြစ်ပြီး လေထုညစ်ညမ်းမှုကိုလျှော့ချခြင်းဖြင့် ရာသီဥတုဖောက်ပြန်မှုကို တိုက်ဖျက်ရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတတ်စေရန် လိုအပ်ပါကြောင်း၊ လူသားအားလုံးလက်တွဲညီညာစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ပတ်ဝန်းကျင်ကို လေးစားတန်ဖိုးထားစိတ်နှင့် ထိန်းသိမ်းသည့်အမူအကျင့်များပြောင်းလဲကာ လက်တွေ့လုပ်ဆောင်မှုများ ဖြစ်ပေါ်လာစေပြီး မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေသည်။ ဆက်လက်၍ အခမ်းအနားတွင် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် အသိပညာပေးဗီဒီယိုကို ပြသခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

**❂ လေးမျက်နှာမြို့နယ်မှ**

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၅)နှင့် တံတားအထူးအဖွဲ့(၁၆)တို့မှ Steel Sheet Pile / Stand Pipe ရိုက်သွင်းပြီးစီးခဲ့မှု၊ တာတမံကာရံခြင်းလုပ်ငန်းများကို ဝန်ထမ်းများနှင့် အလုပ်သမားများက နေ့ညမပြတ်လုပ်ငန်းဆောင်ရွက်နေမှု၊ Geo-bags အိတ်ကြီးများကို ကရိန်းများဖြင့်ချထားမှု၊ ရိုက်ပြီး Steel Sheet Pile များနောက်တွင် သဲအိတ်ချထားမှုနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတာဝန်ရှိသူက သောင်တူးစက်ကြီးရေယာဉ်တွဲဖြင့် သဲတူးဖော်ပြီး ရေဝင်လမ်းကြောင်းအနီးသို့ သဲမှုတ်တင်ခြင်းဆောင်ရွက်ထားမှု၊ ရေဝင်လမ်း ပိတ်ဆို့ကာကွယ်ခြင်းအတွက် CB တွဲခွံအတွင်းသို့ သဲ၊ ကျောက်ထည့်သွင်း၍ နှစ်မြှုပ်ခြင်းလုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ရေဝင်လမ်းကြောင်းကို ပိတ်ဆို့ကာရံခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အမြန်ပြီးစီးနိုင်ရေး တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်သွားကြရန်၊ Steel Sheet Pile များကို Vibro-Hammer စက်ဖြင့် ရိုက်သွင်းခြင်းကို အရှိန်အဟုန်မပြတ်ဆောင်ရွက်သွားကြရန်၊ ကျားကန်ခြင်း၊ ထောက်ကန်ခြင်းလုပ်ငန်းများအပြင် စက်၊ ယာဉ်/ယန္တရားများကိုအသုံးပြု၍ သဲအိတ်များ၊ Stand Pipe များဖြင့် ရေဝင်လမ်းကြောင်းများကို ကာရံသွားရန် မှာကြားသည်။

အဆိုပါခရီးစဉ်အတွင်း Oriental Highway ကုမ္ပဏီလီမိတက်က B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန် - ပုသိမ်လမ်းအခြေအနေ၊ ရောဝတီတိုင်းဒေသကြီးလမ်းဦးစီးဌာန၊ Oriental Highway ကုမ္ပဏီလီမိတက်နှင့် ငါးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လမ်းဘေးဝဲ/ယာ ရေစီးရေလာကောင်းမွန်စေရေးအတွက် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု၊ ဟင်္သာတ - ဆုံကုန်း- မြန်အောင်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တလုတ္တော်- လေးမျက်နှာ လမ်းပိုင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သံလွင်မြစ်ရေနှင့် စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော်   စက်တင်ဘာ   ၇

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ရှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ငါးလက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၀ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက် တစ်ရက်အတွင်းခြောက်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

**❍ ဝေါမြို့နယ်မှ**

ဦးစွာ ဝေါမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားပြီး ပဲခူးခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးရားကိုင်ထန်းက တောင်သူလယ်သမားများနှင့် စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသူများအား ခေတ်မီလယ်ယာသုံးစက်ကိရိယာများ စနစ်တကျ ကျွမ်းကျင်စွာ ကိုင်တွယ်မောင်းနှင်အသုံးပြုနိုင်စေရန် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ခြင်းလုပ်ငန်းကို ဒေသအလိုက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်နိုင်ကြစေရန်နှင့် ပုဂ္ဂလိကလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်းပြောကြားသည်။ ဆက်လက်၍ ဝေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်က သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၇ ရက်မှ ၁၈ ရက်အထိ သင်တန်းကာလ ၁၂ ရက်ကြာ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု ဘာသာရပ်ခြောက်မျိုးဖြစ်သော အင်ဂျင်ဘာသာရပ်၊ လက်တွန်းထွန်စက်ဘာသာရပ်၊ ထွန်စက်ကြီးဘာသာရပ်၊ ရိတ်သိမ်းခြွေလှေ့စက် ဘာသာရပ်၊ ကောက်စိုက်စက်ဘာသာရပ်နှင့် ထွန်ယက်ကိရိယာများ ဘာသာရပ်တို့ကို ကျေးရွာအုပ်စု ကိုးအုပ်စုမှ သင်တန်းသား ၃၀ အား စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**အာကာ (ပြန်/ဆက်)**

**■ မြန်အောင်မြို့နယ်မှ**

အဆိုပါ တာဆင်ခြေလျှောနိမ့်ကျမှု တာအိလျှောကျခြင်းဖြစ်ပေါ်သည့် နေရာတွင် အက်ကြောင်းပြောင်းလဲမှု၊ နိမ့်ကျမှု ရှိ/မရှိ ၂၄ နာရီ ကြည့်ရှုစောင့်ကြပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**



**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



နေပြည်တော် စက်တင်ဘာ ၇

"Clean Air for Climate Action" "ရာသီဥတုကောင်းမွန်ဖို့ သန့်ရှင်းသောလေဖန်တီးစို့" ဆောင်ပုဒ်ဖြင့် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးချုပ်၌ ကျင်းပသည်။

**အလေးထားဆောင်ရွက်**

အခမ်းအနားတွင် သန့်ရှင်းသောလေထုအတွက် ကြိုးပမ်းဆောင်ရွက်မှုသည် ပြည်သူ့ကျန်းမာရေးကို ကာကွယ်ပေးခြင်း၊ ကုန်ထုတ်စွမ်းအား တိုးတက်စေခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဆိုးကျိုးမှုများကို လျှော့ချပေးနိုင်ခြင်းတို့အတွက် အကျိုးရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်း၍ Fire Hotspot လျှော့ချရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့် လေထုအရည်အသွေး ပိုမိုကောင်းမွန်လာစေရေး တို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနအနေဖြင့် တစ်နိုင်ငံလုံး ပတ်ဝန်းကျင်လေထုအရည်အသွေးစောင့်ကြည့်တိုင်းတာပြီး အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက ပြောကြားပြီး အခမ်းအနားတွင် ပြသထားသောပိုစတာများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့ပြင် ကျောက်မျက်ရတနာသင်တန်း အမှတ်စဉ် (၆) သင်တန်းဖွင့်ပွဲသို့တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးက ကျောက်မျက်ရတနာသင်တန်းကျောင်းကို ၂၀၁၇ ခုနှစ်မှ စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ရာ အမှတ်စဉ် (၁)မှ(၅)အထိ သင်တန်းသား ၄၅၉ ဦးအား စာတွေ့/ လက်တွေ့ လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ အမှတ်စဉ်(၆)သင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်မည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ကျောက်မျက်ရတနာထုတ်လုပ်မှု လုပ်ငန်းခွင်များတွင် လက်တွေ့အသုံးချနိုင်ရန်နှင့် မြန်မာ့ကျောက်မျက်ရတနာအရောင်းအဝယ်နှင့် လက်ဝတ်ရတနာများကိုနိုင်ငံတကာဈေးကွက်အထိထိုးဖောက်ဝင်ရောက်နိုင်အောင် ကြိုးစားဆောင်ရွက်သွားရန် ပြောကြားပြီး သင်တန်းသားများအား စာတွေ့၊ လက်တွေ့သင်ကြားပေးမည့် သင်ကြားရေးအထောက်အကူပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၁၆) ကြိမ်မြောက် လုံခြုံရေးသုံးဆိုင်ရာပစ္စည်းများပြပွဲ(၂၀၂၆)သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်



ကာဇန် စက်တင်ဘာ ၇

ရုရှားနိုင်ငံ ကာဇန်မြို့တွင် စက်တင်ဘာ ၃ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့သည့် ၁၆ ကြိမ်မြောက် လုံခြုံရေးသုံးဆိုင်ရာ ပစ္စည်းများပြပွဲ (၂၀၂၆) သို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း ပြပွဲကျင်းပသည့် Kanzan Expo Building ရှိ Bilateral Meeting Room ၌ ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မြို့ပြကာကွယ်ရေး၊ အရေးပေါ်အခြေအနေနှင့် သဘာဝဘေးအန္တရာယ်လျှော့ချရေး ဝန်ကြီးဌာန (Ministry of Civil Defence, Emergency and Ellimination of Natural Disaster – EMERCOM) ဝန်ကြီး Mr. Alexander Kurankov နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ လက်တွေ့ကြုံတွေ့နေရသော ပြည်သူ့လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝနှင့်လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များတွင် ပါဝင်ဆောင်ရွက်နေရသော အဆင့်ဆင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးမြှင့်ရေးဆိုင်ရာ လေ့ကျင့်ပေးနေမှု၊ ဝန်ကြီးဌာနနှစ်ခုအကြား ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများ အတွက် နားလည်မှုစာချွန်လွှာ ရေးထိုးမှုလုပ်ငန်းစဉ်ဆိုင်ရာများ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကဏ္ဍများ အလိုက် စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ကူညီပံ့ပိုးပေးနိုင်မှုတို့ကို ဆွေးနွေးကြသည်။

အဆိုပါပြပွဲကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ မြို့ပြကာကွယ်ရေး၊ အရေးပေါ်အခြေအနေနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြပွဲတွင် မီးငြိမ်းသတ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ယာဉ်များ၊ ယန္တရားများ၊ ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်/ ဖြန့်ဖြူး/ရောင်းချသည့် ကုမ္ပဏီများ၊ သင်တန်းကျောင်းများက ပါဝင်ခင်းကျင်းပြသကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ပြပွဲတွင် ခင်းကျင်းပြသထားသည့် သဘာဝဘေးအန္တရာယ်နှင့် အခြားလုံခြုံရေးဆိုင်ရာ ဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများ၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူများအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းကျောင်းများ၊ တက္ကသိုလ်များနှင့် လေ့ကျင့်သင်ကြားပေးနေမှုများ၊ ကာဇန်မြို့တွင် ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းကျောင်းဆောက်လုပ်ပြီးစီးမှုနှင့် ဖွင့်လှစ်သင်ကြားမည့် အစီအစဉ်များ၊ ကာဇန်မြို့ ရေဘေးအန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

ထို့ပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မြို့ပြကာကွယ်ရေး၊ အရေးပေါ်အခြေအနေနှင့် သဘာဝဘေးအန္တရာယ်လျှော့ချရေးဝန်ကြီးဌာန ဝန်ကြီး Mr. Alexander Kurankov နှင့် ကာဇန်မြို့တော်ဝန်တို့က ဘေးအန္တရာယ်နှင့် လုံခြုံရေးဆိုင်ရာလုပ်ငန်းရပ်များ ရှင်းလင်းပြောကြားမှုအစီအစဉ်နှင့် ကြိုဆိုနှုတ်ခွန်းဆက် ညစာစားပွဲကိုလည်း ပါဝင်တက်ရောက်ပြီး အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အုတ်ဖိုမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

အုတ်ဖို စက်တင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ခြောက်တင်းကွင်းကျေးရွာ တောင်သူဦးရင်ဆွေ၏ မိုးစပါးစိုက်ဧက ခုနစ်ဧကရှိ လယ်မြေ၌ ဆာဖိုးသာမျိုး စိုက်ပျိုးထားသည့် စပါးခင်းရိတ်သိမ်းခြင်းကို ယနေ့တွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများတက်ရောက်ကြသည်။

မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် တစ်ဧကလျှင် အစိုမှတ် (၁၈) ဖြင့် အထွက်နှုန်း ၁၃၂ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

အောင်သူ (အုတ်ဖို)



# တွန်းဇံမြို့အတွက်ပေးပို့သည့် ဆက်သွယ်ရေးဆိုင်ရာစက်ပစ္စည်းများ တီးတိန်မြို့သို့ ရောက်ရှိ



တီးတိန် စက်တင်ဘာ ၇

တွန်းဇံမြို့အတွက် ပေးပို့သည့် ဆက်သွယ်ရေးဆိုင်ရာ စက်ပစ္စည်းများ တီးတိန်မြို့သို့ ရောက်ရှိလျက်ရှိပြီး တွန်းဇံမြို့သို့ ဆက်လက်ပေးပို့နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ယမန်နေ့နံနက်ပိုင်းက ချင်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဝင်းဇော်ဦးနှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ အဖွဲ့ဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ အကြမ်းဖက်ဖြစ်စဉ်ကြောင့် တီးတိန်မြို့အတွင်း ထိခိုက်ပျက်စီးမှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး ရောင်စောနန်းစံပြကျေးရွာ သို့ ရောက်ရှိကာ ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။ ထို့နောက် ချင်းရိုးရာနေအိမ်၊ ချင်းရိုးရာအဝတ်အထည်နှင့် အသုံးအဆောင်များကိုကြည့်ရှုလေ့လာပြီး အလှူငွေပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်

# အောင်မြင်တက်လှမ်း အခွင့်အလမ်းကောင်းများနှင့် လွှမ်းခြုံအောင်မြင် မြန်မာ-ဗီယက်နမ်ခရီးစဉ်

**ကေဇက်ဟိန်း(PPIB)**

ခရီးစဉ်ရဲ့ နောက်ဆုံးနေ့ကို ရောက်ရှိခဲ့ပါပြီ။ ရေးဆွဲထားတဲ့ အစီအစဉ်များပြီးရင်တော့ အမိမြန်မာနိုင်ငံကို ပြန်ရတော့မှာပါ။ ဒီနေ့မှာလည်း နိုင်ငံတော်အကြီးအကဲအနေနဲ့ နိုင်ငံအတွက် ဘယ်လိုအခွင့်အလမ်းကောင်းတွေ ဖော်ဆောင်ပေးနိုင်ဦးမှာလဲ၊ စိတ်ဝင်စားစရာကောင်းပါတယ်။ ခရီးစဉ်ရဲ့ နေ့ရက်တွေကို ပြန်ကြည့်ရင် နိုင်ငံတော်အကြီးအကဲဟာ ရှိရင်းစွဲ နှစ်နိုင်ငံချစ်ကြည်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွေ အရှိန်အဟုန်မြှင့်တင်နိုင်ခဲ့သလို ကဏ္ဍသစ်များအတွက်လည်း ကြိုးပမ်းဖော်ဆောင်နိုင်ခဲ့တာကို တွေ့မြင်ခဲ့ရပါတယ်။ နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ခရီးစဉ် တတိယမြောက်ရက်ကို လေ့လာကြည့်ရအောင်ဗျာ။

**ဟနွိုင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများနှင့်တွေ့ဆုံ**

အချိန်ကား ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့ ဒေသစံတော်ချိန်နံနက်ပိုင်းပင်။ နိုင်ငံတော်အကြီးအကဲနှင့်ဇနီးဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ဟနွိုင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများကို တွေ့ဆုံခဲ့ပါသေးတယ်။ တွေ့ဆုံရာမှာတော့ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ၏ ခေတ်အဆက်ဆက် ချစ်ကြည်ရင်းနှီးမှုများ တည်ဆောက်နိုင်ခဲ့မှု၊ ဗီယက်နမ်သည် မြန်မာအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံအဖြစ် တည်ရှိနေမှု၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများတူညီနေမှု၊ အာဆီယံဒေသတွင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကောင်းများရှိနေမှုတွေကို ချပြရှင်းလင်းခဲ့တာကို တွေ့မြင်ရပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာလည်း အောင်မြင်သော အထွေထွေရွေးကောက်ပွဲကတစ်ဆင့် ပေါ်ထွက်လာသည့် လွှတ်တော်၊ အစိုးရတို့မှ နိုင်ငံ့အကျိုးကို ကြိုးပမ်းဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောပြခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် ဗီယက်နမ်နိုင်ငံရဲ့ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်နေမှုများအပေါ် အတုယူကြပြီး မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် အလုပ်လုပ်ကြဖို့၊ နိုင်ငံရပ်ခြားမှာရောက်ရှိနေတာဖြစ်လို့ အချင်းချင်းစည်းလုံးချစ်ခင်စွာနေထိုင်ပြီး တစ်ဦးနှင့်တစ်ဦးစောင့်ရှောက်ရင်း လုပ်ငန်းတာဝန်တွေကို ကျေပွန်စွာထမ်းဆောင်ကြဖို့ကိုလည်း တိုက်တွန်းမှာကြားခဲ့ပါသေးတယ်။ တွေ့ဆုံပွဲ အပြီးမှာတော့ နိုင်ငံတော်အကြီးအကဲဟာ မြန်မာ-ဗီယက်နမ်စီးပွားရေးဖိုရမ်ကို ဆက်လက်တက်ရောက်ဖို့ အထူးယာဉ်တန်းနဲ့ခရီးဆက်ခဲ့ပါတော့တယ်။

> **နိုင်ငံတော်အကြီးအကဲက နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားဖို့ ယုံကြည်ချက်ရှိနေတာကိုလည်း ဖိုရမ်မှာချပြခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ သယံဇာတပိုင်ဆိုင်ထားမှုများကိုချပြခဲ့ပြီး စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ စားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ ကုန်ထုတ်လုပ်မှုစက်ရုံများ တည်ထောင်မှုကဏ္ဍ၊ ဒီဂျစ်တယ်နည်းပညာကဏ္ဍ၊ ခရီးသွားလုပ်ငန်းနှင့် လုပ်ငန်းနှင့်ဆက်စပ်သည့် အခြေခံအဆောက်အအုံများကဏ္ဍ၊ အထူးစီးပွားရေးဇုန်များ တည်ဆောက်လိုမှုကဏ္ဍ စတာတွေကိုလည်း ချပြရှင်းလင်းကာ ဖိတ်ခေါ်နိုင်ခဲ့**




စက်တင်ဘာ ၆ ရက်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်"တွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**ဗီယက်နမ် – မြန်မာ စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီ**

ဗီယက်နမ် – မြန်မာ စီးပွားရေးဖိုရမ်ပွဲကိုတော့ ဟနွိုင်းမြို့ Melia Hotel မှာ ကျင်းပခဲ့ပါတယ်။ ဒီအခမ်းအနားကိုတော့ နိုင်ငံတော်အကြီးအကဲနဲ့အတူ ခရီးစဉ်မှာလိုက်ပါလာတဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်တွေ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် H.E.Mr. Nguyen Van Thang၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Nguyen Duc Chi နဲ့ အစိုးရအဖွဲ့တာဝန်ရှိသူတွေ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နာယကနဲ့အဖွဲ့ဝင်တွေ၊ မြန်မာ – ဗီယက်နမ် နှစ်နိုင်ငံချစ်ကြည်ရေးအသင်းများမှ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေ၊ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်တွေ တက်ရောက်ခဲ့ကြတာကို တွေ့မြင်ရပါတယ်။

ဒီဖိုရမ်မှတစ်ဆင့် ကျွန်တော်တို့ဘက်က ဘာတွေကမ်းလှမ်းနိုင်ခဲ့သလဲ၊ ဘယ်လိုအခွင့်အလမ်းတွေ ပိုင်ဆိုင်ခဲ့လဲဆိုတာကိုတော့ အကျဉ်းချုံးပြီး မျှဝေပေးလိုပါသေးတယ်။ ဗီယက်နမ်အစိုးရဘက်က အချက်(၅)ချက်ကို ဆွေးနွေးပါတယ်။ ဒါတွေကတော့ **နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းများ ချိတ်ဆက်မှုနှင့် အပြန်အလှန်ပံ့ပိုးမှုများကို မြှင့်တင်သွားရန်၊ အတွေ့အကြုံများကို အပြန်အလှန်မျှဝေ၍ လုံခြုံစိတ်ချရပြီး ရေရှည်တည်တံ့သည့် စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်သွားရန်၊ လက်ရှိပူးပေါင်းဆောင်ရွက်နေသည့် အခန်းကဏ္ဍများကို ထိရောက်စွာအသုံးချပြီး စီးပွားရေးလုပ်ငန်းများ၌ ကြုံတွေ့နေရသည့် အခက်အခဲများကို အတူတကွပူးပေါင်းဖြေရှင်းသွားရန်၊ ဗီယက်နမ်နှင့် မြန်မာစီးပွားရေး အခွင့်အလမ်းရှာဖွေရုံသာမက ယုံကြည်စိတ်ချရသော ရေရှည်မိတ်ဖက်များအဖြစ် လက်တွဲဆောင်ရွက်သွားရန်** ဆိုတဲ့ အချက် (၅)ချက်ကို ကျွန်တော်တို့ ရရှိခဲ့ပါတယ်။

မြန်မာ – ဗီယက်နမ်ကြားမှာ နိုင်ငံရေးနှင့် သံတမန်ရေး ကဏ္ဍတင်သာမက လုံခြုံရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိပူးပေါင်းဆောင်ရွက်မှုများကတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်မှုကနေ ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေးအပြောင်းအလဲစိန်ခေါ်မှုမြင့်မားတဲ့ ကာလတွေကြားမှာ ဒေသတွင်းအားကောင်းခိုင်မာစွာ ဆက်လက်ပူးပေါင်းလျက်ရှိမှုကို နိုင်ငံတော်အကြီးအကဲက ကနဦးချပြခဲ့ပါတယ်။ စီးပွားရေးရဲ့ ပင်မသေ့ချက်ဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍကတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာအောင် ယှဉ်တွဲတည်ဆောက်သွားနိုင်မှုကိုလည်း ချပြရှင်းလင်းခဲ့တာကို တွေ့ရပါတယ်။

နိုင်ငံတော်အကြီးအကဲက နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားဖို့ ယုံကြည်ချက်ရှိနေတာကိုလည်း ဖိုရမ်မှာချပြခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ သယံဇာတပိုင်ဆိုင်ထားမှုများကိုချပြခဲ့ပြီး စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ စားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ ကုန်ထုတ်လုပ်မှုစက်ရုံများ တည်ထောင်မှုကဏ္ဍ၊ ဒီဂျစ်တယ်နည်းပညာကဏ္ဍ၊ ခရီးသွားလုပ်ငန်းနှင့် လုပ်ငန်းနှင့်ဆက်စပ်သည့် အခြေခံအဆောက်အအုံများကဏ္ဍ၊ အထူးစီးပွားရေးဇုန်များ တည်ဆောက်လိုမှုကဏ္ဍ စတာတွေကိုလည်း ချပြရှင်းလင်းကာ ဖိတ်ခေါ်နိုင်ခဲ့ပါတယ်။

ဒီလိုရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ရာမှာ နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံရဲ့ ကျောက်ဖြူ၊ သီလဝါ၊ ထားဝယ် စတဲ့ ပိုင်ဆိုင်ထားတဲ့ ရေနက်ဆိပ်ကမ်းနဲ့ အထူးစီးပွားရေးဇုန်များ ပိုင်ဆိုင်ထားမှု၊ မဟာမဲခေါင်စီးပွားရေးစင်္ကြံ၊ မြန်မာ – လာအို – ထိုင်း – ဗီယက်နမ်(ဒါနန်း) စီးပွားရေးစင်္ကြံများအပေါ်မှာ မြန်မာနိုင်ငံရဲ့အချက်အချာကျစွာ တည်ရှိနေမှုကို မဟာဗျူဟာမြောက်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည်ကို ပိုင်နိုင်စွာချပြနိုင်ခဲ့တာကိုလည်းတွေ့ရပါတယ်။ ဒါကတော့ဒီဖိုရမ်ရဲ့ နှစ်ဖက်အကျိုးရလဒ်များနဲ့ အနာဂတ် အခွင့်အလမ်းများပဲဖြစ်ပါတယ်။

**မြန်မာ – ဗီယက်နမ်ခရီးစဉ်၏ အကျိုးရလဒ်များ**

ဒီခရီးစဉ်ဟာ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၄ ရက်ကနေ ၆ ရက်အထိ သုံးရက်ခန့် ကြာမြင့်ခဲ့တာပဲဖြစ်ပါတယ်။ ပထမတစ်ရက်မှာ ဗီယက်နမ်နိုင်ငံ ဟိုင်းဖောင်မြို့က လျှပ်စစ်မော်တော်ကား မော်တော်ဆိုင်ကယ်ထုတ်တဲ့ Vinfast ကုမ္ပဏီနဲ့ Viettel ဆက်သွယ်ရေးကုမ္ပဏီတွေကို သွားရောက်လေ့လာခဲ့တယ်။ ဒုတိယရက်မှာတော့ ဗီယက်နမ်နိုင်ငံသမ္မတ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နဲ့တွေ့ဆုံပြီး နှစ်နိုင်ငံရဲ့ ချစ်ကြည်ရင်းနှီးမှု အရှိန်အဟုန်မြှင့်တင်ရေးကနေ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နိုင်မှုများအတွက် ရင်းနှီးနွေးထွေးစွာ ဆွေးနွေးနိုင်ခဲ့တယ်။ တတိယရက်မှာတော့ နှစ်နိုင်ငံစီးပွားရေးဖိုရမ်ပွဲကို တက်ရောက်ပြီး လက်ရှိပူးပေါင်းဆောင်ရွက်မှုကဏ္ဍများနဲ့ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာတွေကို ချပြဆွေးနွေးကမ်းလှမ်းခဲ့တာကို တွေ့ရတယ်။ ဒီတော့ ဒီခရီးစဉ်မှာ ပိုင်ဆိုင်ခဲ့တဲ့ အခွင့်အလမ်းကောင်းတွေနဲ့ အောင်မြင်မှုတွေကို ကျွန်တော်တို့အတူတူ လေ့လာကြည့်ရအောင်ပါ။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်–မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung နှင့် အဖွဲ့ဝင်များအား စက်တင်ဘာ ၆ ရက်က လက်ခံတွေ့ဆုံစဉ်။

နှစ်နိုင်ငံအကြားမှာ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို အရှိန်အဟုန်မြှင့်တင်နိုင်ခဲ့တယ် ဆိုတာကို ကျွန်တော်တို့ ကနဦးမြင်ကြရပါမယ်။ မြန်မာနိုင်ငံကို လာရောက်ကြမယ့် ရင်းနှီးမြှုပ်နှံသူတွေကို ဘယ်လိုဆောင်ရွက်ပေးမယ်ဆိုတာကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ရင်းနှီးပွင့်လင်းစွာ ချပြနိုင်ခဲ့တယ်။ ဖိုရမ်ပွဲမှာတင်ပဲ ယခင်နိုင်ငံထဲက ထွက်ခွာသွားတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ပြန်လည်စိတ်ဝင်စားလာမှုကို ရရှိခဲ့တယ်။ ဒါဟာလည်း အရွေ့တစ်ခုပါပဲ။ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်ကိုယ်တိုင်က ဓာတ်သတ္တုတူးဖော်ရေး စွမ်းအင်ကဏ္ဍစတဲ့ အခြားကဏ္ဍတွေမှာပါ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတာကို အတိအလင်းချပြခဲ့တယ်။

ခရီးစဉ်ရဲ့ အဓိကအောင်မြင်မှုသော့ချက်ကတော့ **ရှိရင်းစွဲ ချစ်ခင်ရင်းနှီးမှု၊ ယုံကြည်မှုကို ပိုမိုခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ အာဆီယံဒေသတွင်းကတစ်ဆင့် ကမ္ဘာ့မျက်နှာစာထိ**

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

**အပြန်အလှန် ထောက်ပံ့ကူညီအားပေးမှုများ ဆောင်ရွက်သွားနိုင်ဖို့ သဘောတူညီနိုင်ခဲ့ခြင်း၊ စီးပွားရေးအခွင့်အလမ်းကောင်းများ ဖော်ဆောင်နိုင်ခဲ့ခြင်းနှင့် သံတမန်ဆက်ဆံရေးကောင်းတစ်ခု ခိုင်မာစေခဲ့ခြင်းဆိုတဲ့** အချက်တွေပဲဖြစ်ပါတယ်။

**ဗီယက်နမ်နိုင်ငံမှသည် အမိမြန်မာပြည်သို့**

နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာတဲ့ အထူးယာဉ်တန်းဟာ ဟန္နိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ရောက်ရှိခဲ့ပါပြီ။ လေဆိပ်မှာတော့ နှစ်နိုင်ငံအလံများကို လွှင့်ထူထားပြီး ဂုဏ်ပြုတပ်ဖွဲ့နဲ့အတူ အမိမြေပြန်မယ့်ခရီးကို နှုတ်ဆက်ဂုဏ်ပြုလျက်ရှိပါတယ်။

နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင် သမ္မတရုံးဝန်ကြီး မစ္စတာလဲခိုင်ဟိုင်ဦးဆောင်တဲ့ အဆင့်မြင့်အရာရှိကြီးတွေ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) စစ်သံမှူးနှင့်တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ခဲ့ကြပါတယ်။ ကြည်လင်တဲ့ ထက်အာကာရဲ့ လွှမ်းခြုံထားမှုအောက်မှာ နွေးထွေးတဲ့ နေရောင်ခြည်များနဲ့အတူ အပြုံးကိုယ်စီတောက်ပနေတဲ့ မြင်ကွင်းများဟာ ခရီးစဉ်ရဲ့အောင်မြင်မှုပြယုဂ်၊ နှစ်နိုင်ငံချစ်ကြည်ရေး ခိုင်မာအားကောင်းမှုများကို ထင်ဟပ်ပြသနေသလိုခံစားမိပါတယ်။ ဒီလိုနဲ့ အထူးလေယာဉ်ဟာ ဟန္နိုင်းမြို့ကိုကျောခိုင်းရင်း အမိမြန်မာပြည်သို့ ဦးတည်ပျံသန်းခဲ့ပါတော့တယ်။

မြန်မာစံတော်ချိန် ညနေပိုင်းမှာတော့ နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ နေပြည်တော်လေဆိပ်ကို ပြန်လည်ရောက်ရှိခဲ့ကြပါတယ်။ နေပြည်တော်လေဆိပ်မှာတော့ ရုရှားဖက်ဒရေးရှင်းနိုင်ငံက မကြာခင် ပြန်ရောက်ရှိလာတဲ့ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြပါတယ်။

ဒီခရီးစဉ်ကို ကြည့်မယ်ဆိုရင် နှစ်နိုင်ငံ အကြီးအကဲချင်းသာမက အကြီးအကဲ နှစ်ဦးရဲ့ဇနီးချင်းပါ ရင်းနှီးချစ်ကြည်မှုရရှိခဲ့တာမို့ ခရီးစဉ်ဟာ ဖြူစင်ရိုးရှင်းမှု၊ ရင်းနှီးနွေးထွေးမှုများနဲ့ ထုံမွမ်းထားသလိုပါပဲ။ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများမှတစ်ဆင့် နှစ်နိုင်ငံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်နိုင်ခဲ့တယ်လို့လည်း ဆိုရမှာပါဗျာ။ နှစ်နိုင်ငံအကျိုးရလဒ်များအပြင် မိမိနိုင်ငံအတွက်လည်း အောင်မြင်တက်လှမ်း အခွင့်အလမ်းကောင်းများနှင့် လွှမ်းခြုံအောင်မြင်တဲ့ ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါကြောင်း စာစီမှုန်းလို့ မျှဝေပေးလိုက်ရပါတော့တယ်ဗျာ။ ။

# ကချင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် (၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မြစ်ကြီးနား စက်တင်ဘာ ၇



ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ပြေးခုန်ပစ် ဆပ်ကော်မတီနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ကချင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ပြည်နယ်ဘောလုံးကွင်းအတွင်း ကျင်းပသည်။

အဆိုပါ ပြေးခုန်ပစ်ပြိုင်ပွဲကို စက်တင်ဘာ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မီတာ ၁၀၀ မှ မီတာ ၃၀၀၀ အထိ ကျား/မ အပြေးပြိုင်ပွဲများ၊ မီတာ ၁၀၀ လက်ဆင့်ကမ်း၊ အလျားခုန်၊ တန်းမြင့်ခုန်၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကာ ပြိုင်ပွဲအားကစားသမားများမှ ပြည်နယ်လက်ရွေးစင်ပြေးခုန်ပစ်အသင်းအတွက် လူရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဖွင့်ပွဲတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကား ပြောကြားပြီး ပြေးခုန်ပစ် အားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ဖျော်ဖြေရေးအဖွဲ့များအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်နယ် လက်ရွေးစင် ဘောလုံးအသင်းအတွက် အောင်နိုင်ရေးအလံနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပွဲသို့ တက်ရောက်၍ အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်ရောက်ကြမည့် လက်ရွေးစင်အမျိုးသမီး ဘောလုံးအသင်းအတွက် အောင်နိုင်ရေး အလံနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၂၅ သိန်းကို လည်းကောင်း၊ ပြည်နယ် လူမှုရေးရာဝန်ကြီးက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းနှင့် အောင်နိုင်ရေးကော်မတီအဖွဲ့က ငွေကျပ် သိန်း ၅၀ ကို လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

☸ မြောင်းတကာမှ

ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ပြည်သူသို့ အသိပေးပန်ကြားခဲ့ရာ ဆက်သွယ်အသိပေးလာသူများအားလုံးကို ဖြေလျှော့မှုများ အသီးသီးဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း တရားမဝင် လျှပ်စစ်ဓာတ်အားရယူသုံးစွဲမှုများကို ဝန်ကြီးဌာနမှ ဖွဲ့စည်းထားသည့် စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးဖော်ထုတ်ခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ခုနစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၂ ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ၂၁ ဦး၊ မကွေးတိုင်းဒေသကြီးတွင် ၁၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၃၂ ဦး၊ ကချင်ပြည်နယ်တွင် တစ်ဦး၊ မွန်ပြည်နယ်တွင် နှစ်ဦး၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် သုံးဦး စုစုပေါင်း ၉၅ ဦးကို ဖော်ထုတ်ရရှိခဲ့ပြီး ဌာနမှ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းနှင့်အညီ မီတာဖြုတ်သိမ်းခြင်း၊ လျော်ကြေးငွေအပြည့်အဝတောင်းခံခြင်းနှင့် အချို့ကို ဥပဒေအရအမှုဖွင့် တရားစွဲဆိုခြင်းများ ဆောင်ရွက်ခြင်းဖြင့် ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် Control Center များမှ စောင့်ကြည့်စစ်ဆေးလျက်ရှိရာ စက်တင်ဘာ ၃ ရက်တွင် မော်ဘီမြို့နယ် မြောင်းတကာစက်မှုဇုန် အကွက်အမှတ် (၃၂/၃၇)ရှိ SKY MAN သံရည်ကျိုလုပ်ငန်းတွင် သုံးစွဲနေသော မီတာအမှတ်(YN–17431) ၌ Alarm ပေါ်နေသဖြင့် တာဝန်ရှိသူများပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ပြီး မီတာကိုဖြုတ်ယူ၍ Test Lab ဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ မီတာအားပြုပြင်ပြီး ဓာတ်အားခိုးယူသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စက်ရုံအားချက်ချင်းပိတ်သိမ်းခဲ့ပြီး နိုင်ငံတော်အနေဖြင့် နစ်နာဆုံးရှုံးခဲ့သော လျှပ်စစ်ဓာတ်အား ယူနစ် ၂၃ ဒသမ ၃၆ သန်းအတွက်ကျသင့်လျော်ကြေး ငွေကျပ် ၁၇ ဒသမ ၁၈၄ ဘီလီယံအား ပြန်လည်ပေးသွင်းစေရေးနှင့် လျှပ်စစ်ဥပဒေနှင့်အညီ မော်ဘီမြို့မရဲစခန်းတွင် အမှုဖွင့်လှစ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။



မြောင်းတကာစက်မှုဇုန်တွင် ဓာတ်အားခိုးယူသုံးစွဲနေသည့် SKY MAN သံရည်ကျိုလုပ်ငန်းကို စစ်ဆေးနေသည့် မှတ်တမ်းဓာတ်ပုံ။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ Control Center များတွင် နည်းပညာအဆင့်မြှင့်တင်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေသည့်အတွက် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုများ ပိုမို၍ ဖော်ထုတ်လာနိုင်သည်နှင့်အမျှ လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ပြည်သူများသို့ ပိုမို၍ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်လျက်ရှိသည်။

ပြည်သူများအနေဖြင့်လည်း လျှပ်စစ်ဓာတ်အားကို စနစ်တကျသုံးစွဲကြရန်နှင့် ဓာတ်အားခိုးယူသုံးစွဲမှုများတွေ့ရှိပါက အောက်ဖော်ပြပါ Call Center များသို့ ဆက်သွယ်သတင်းပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန်လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အသိပေးကြေညာထားသည်။

**ဆက်သွယ်ရန်**

❖ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (နေပြည်တော်) – ၀၆၇–၃၄၁၀၀၇၂
❖ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း(YESC) – ၁၇၁၇
❖ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (MESC) – ၁၆၁၆
၀၂–၄၀၃၉၃၃၀၊ ၀၂–၄၀၇၃၆၆၆၊ ၀၂–၄၀၇၂၆၁၈ (Hot Line)
❖ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ –၀၆၇–၃၄၁၀၄၀၇
၀၉၆၈၂၃၂၆၀၀၊ ၀၉၆၆၅၄၃၂၅၇၅

**သတင်းစဉ်**

☆ ကျောဖုံးမှ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သဘာဝထိန်းသိမ်းရေး နယ်မြေများဖွဲ့စည်းခြင်းဖြင့် ဒေသအတွင်းရှိ သစ်ပင်သစ်တောဖုံးလွှမ်းလျက်ရှိနေသော နေရာများကို ဥပဒေတစ်ရပ်ပြဋ္ဌာန်း၍ ကာကွယ်ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ပိုမိုဆောင်ရွက်လာနိုင်ခြင်းကြောင့် ဒေသအတွင်း ဂေဟစနစ်များ ပိုမိုကောင်းမွန်လာခြင်း၊ ရေထွက်ဒေသများအား ရေရှည်တည်တံ့စေရန် ထိန်းသိမ်းပေးခြင်းနှင့် ရာသီဥတုပြောင်းလဲမှုများကို ထိန်းသိမ်းထားနိုင်ပြီး ဒေသခံပြည်သူများ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုပြီး အကျိုးကျေးဇူးများစွာကို ဖြစ်ထွန်းစေရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောကို သတ်မှတ်ခြင်းဖြစ်ပါသည်။

သုဝဏ္ဏသျှံတောင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းအားဖြင့် ပေါက်ရောက်လျက်ရှိသော ကျွန်း၊ ထင်းရှူး၊ အင်ကြင်း၊ သစ်အယ်၊ သစ်ချ၊ သစ်ယား(လောက်ယား)၊ တောင်တမာ စသည်တို့ကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သစ်တောသစ်ပင်များနှင့်အတူ မျောက်၊ တောဝက်၊ ဂျီ၊ ဆတ်၊ ယုန်၊ တောကြက်၊ ခါ၊ ငုံးစသည့် တောရိုင်းတိရစ္ဆာန်များကိုလည်း ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်း၊ ဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုနိုင်ခြင်း၊ ရာသီဥတုကောင်းမွန်လာခြင်းဖြင့် လယ်၊ ယာ စိုက်ပျိုးရေးလုပ်ငန်းများ၊ ဥယျာဉ်ခြံမြေလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ ကျေးရွာသုံးရေထွက်စိမ့်စမ်းများကောင်းမွန်လာပြီး ရေရှည်တည်တံ့နိုင်မည်ဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန**



# ဇေယျာသီရိမြို့နယ် ချောင်းကမ်းကြီးရွာအနီး တံတားတည်ဆောက်မည့်နေရာသို့ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ချောင်းကမ်းကြီးရွာအနီး တံတားတည်ဆောက်မည့်နေရာသို့ တာဝန်ရှိသူများက ယမန်နေ့ မွန်းလွဲပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်တိုင်းတာဝန်ခံ အင်ဂျင်နီယာချုပ်(မြို့ပြ)နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများသည် ကွန်ကရစ်တံတား ပေ ၃၀ တည်ဆောက်နိုင်ရေး ကွင်းဆင်းကြည့်ရှုခဲ့ခြင်းဖြစ်ပြီး အဆိုပါတံတားသည် ညောင်ပင်ကြီး – ချောင်းကမ်းကြီး– စည်ပင်ကြီး ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ချောင်းကမ်းကြီးရွာအနီးတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

## သံဖြူဇရပ်မြို့နယ် (ခုတင် - ၅၀) ဆံ့ ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသနေသော လူနာများအား စားသောက်ဖွယ်ရာများပေးအပ်

မော်လမြိုင် စက်တင်ဘာ ၇

သံဖြူဇရပ်မြို့နယ် (ခုတင် - ၅၀) ဆံ့ ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများကို ယနေ့နံနက်ပိုင်းက မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် သံဖြူဇရပ်မြို့နယ် ပြည်သူ့ဆေးရုံ၏ ဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေနှင့် အောက်ဆီဂျင်စက်များအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်က ဆေးရုံလာရောက်ကုသသူများကို ကျန်းမာရေးစောင့်ရှောက်မှု ထိရောက်စွာရရှိရေးနှင့် လိုအပ်သည့် ဆေးဝါး၊ ပစ္စည်းကိရိယာများ ပြည့်စုံမှုရှိစေရေးတို့အတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**





## နိုင်ငံတော်ဩဝါဒါစရိယ သက်တော်ရှည်ဆရာတော်ကြီးများအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်ကြည်ညို

မန္တလေး စက်တင်ဘာ ၇

ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံကျောင်းတိုက်၌ သီတင်းသုံးသည့် မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော် ၉၈ နှစ် ဝါတော် ၇၈ ဝါ သက်တော်ရှည်ဆရာတော်ကြီးအား ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ထိုသို့ သွားရောက်စဉ် ဆရာတော်ကြီး၏ ကျန်းမာရေးနှင့် စပ်လျဉ်း၍ မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ လှူဖွယ်ပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ ချမ်းမြသာစည်မြို့နယ်ရှိ မဟာဓမ္မိကာရာမတိုက် ရတနာပုံကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒအား သွားရောက်ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ မဟာဂန္ဓာရုံကျောင်းတိုက် မဟာနာယကချုပ် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ သက်တော် ၉၄ နှစ် ဝါတော် ၇၄ ဝါ သက်တော်ရှည်ဆရာတော်ကြီး သီတင်းသုံးတော်မူနေသည့် အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံ ကျောင်းတိုက်သို့ ဆရာတော်ကြီး တပည့်အရင်းဖြစ်သော မဟာဓမ္မိကာရာမတိုက် ရတနာပုံကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်အား ပင့်ဆောင်၍ သွားရောက်ဖူးမြော် ကြည်ညိုပြီး ကျန်းမာရေးဆိုင်ရာများ မေးမြန်းလျှောက်ထားကာ လှူဖွယ်ပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ၊ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်တက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နှစ်လည်မဂ္ဂဇင်း စာမူရှင်ဂုဏ်ပြုပွဲ ကျင်းပ

ပြည် စက်တင်ဘာ ၇

ပြည်တက္ကသိုလ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နှစ်လည်မဂ္ဂဇင်း စာမူရှင်ဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းက ပြည်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။




ထို့နောက် ပြည်တက္ကသိုလ် ပါမောက္ခချုပ်ဆရာကြီးက အမှာစကားပြောကြားသည်။

ဆက်လက်၍ စာမူရှင်များနှင့် စာကြည့်တိုက်ဆု ရရှိကြသူများအား ပြည်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က ဂုဏ်ပြု လက်ဆောင်များနှင့် ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဝဏ္ဏာထွန်း(ပြန်/ဆက်)**

## ရေးမြို့နယ်၌ အရန်သားဖွားဆရာမများ အသစ်မွေးထုတ်ခြင်းသင်တန်းဖွင့်

ရေး စက်တင်ဘာ ၇

မွန်ပြည်နယ် ရေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အရန်သားဖွားဆရာမများ အသစ်မွေးထုတ်ခြင်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ရေးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးမျိုးအောင်က အမှာစကားပြောကြားပြီး ရေးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာ ကျော်မျိုးထက်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းမှပို့ချပေးသည့် ပညာရပ်ဖြင့် မိမိဒေသပြည်သူလူထု ကျန်းမာရေးအတွက် မှန်ကန်



အကျိုးရှိထိရောက်စွာ ပြန်လည်အသုံးချစေလိုကြောင်း အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းတွင် ကိုယ်ဝန်ဆောင် စောင့်ရှောက်ခြင်း၊ ကလေးမွေးဖွားခြင်းနှင့် မွေးဖွားပြီး စောင့်ရှောက်ခြင်း၊ မွေးကင်းစနှင့် အသက်ငါးနှစ်အောက်ကလေးပြုစုစောင့်ရှောက်ခြင်း၊ မိခင်နှင့် ကလေးအာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သားဆက်ခြားနှင့် မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အခြေခံအသိပညာ ပေးခြင်းများကို စက်တင်ဘာ ၇ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**

## ကျောက်ဆည်မြို့၌ ဇီဝမှိုသတ်ဆေးထုတ်လုပ်မှု နည်းပညာလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

ကျောက်ဆည် စက်တင်ဘာ ၇

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဦးစီးဌာန ဘက်စုံသုံးခန်းမ၌ ယနေ့နံနက်ပိုင်းက Green Tricho ဇီဝမှိုသတ်ဆေး ထုတ်လုပ်မှုနည်းပညာလွှဲပြောင်းခြင်းအခမ်းအနားကို ကျင်းပသည်။

ဦးစွာ ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (တာဝန်ခံ) ဒေါက်တာအေးအေးခိုင်က အမှာစကားပြောကြားခဲ့ပြီး နေကြာမင်း စိုက်ပျိုးရေးကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာထံသို့ Green Tricho ဇီဝမှိုသတ်ဆေးထုတ်လုပ်မှု နည်းပညာများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ဇီဝနည်းပညာသုတေသနဦးစီးဌာန Mycology Lab မှ ညွှန်ကြားရေးမှူး(တာဝန်ခံ)က မှိုသတ်ဆေးထုတ်လုပ်မှုနည်းပညာများအကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**






## သမဝါယမကိုအခြေခံ၍ စနစ်ကျသော စိုက်ပျိုးရေးစနစ် (CBFP) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

အင်္ဂပူ စက်တင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ယမန်နေ့နံနက်ပိုင်းက သမဝါယမကို အခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးစနစ် (CBFP)စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်သည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးမှူး ဦးကျော်စိုးမင်းက သမဝါယမလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေများ ရယူ၍ စိုက်ပျိုးရေးလုပ်ငန်းများအား စုပေါင်းလယ်ယာစနစ်ဖြင့် ဆောင်ရွက်ရန်နှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဌေးဝင်းနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးသန့်တို့က မြန်မာ့မျက်နှာစာသစ်ဖိုရမ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စုပေါင်းလယ်ယာစနစ် ဆောင်ရွက်ရန်နှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၇**





နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၈)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီး၌ စုဖွဲ့၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၈) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဦးစွာ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၈)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၈)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်----

၁။ စစ်မှုထမ်းဆင့်ခေါ်စာကြားလို့ ကျွန်တော် နေပြည်တော်ရောက်နေတဲ့အခိုက်မှာ လိုက်လာခြင်းဖြစ်ပါတယ်။ ကျွန်တော် အကောင်းဆုံးတော့ လေ့လာပြီး သင်ယူသွားမှာပါ။ သုံးလဆိုတဲ့ ကာလကလည်း မကြာဘူးလေ။ လေ့လာသွားမယ်။ ပြီးတော့ အကောင်းဆုံး ကျွန်တော်ကြိုးစားမယ်။ နောက်သင်တန်းတက်ရောက်မယ့်သူတွေလည်း ကိုယ်ထင်ထားတဲ့အတိုင်း မဟုတ်ပါဘူးလို့ ပြောချင်ပါတယ်။ အရင်တုန်းကတော့ စစ်မှုထမ်းရမယ်ဆို ပြည်သူတွေအားလုံးက အလွန် ကြောက်နေကြတယ်။ အခုက နွေးနွေးထွေးထွေးကြိုဆိုကြတယ်။ ကိုယ်ထင်ထားသလိုမျိုး မဟုတ်ဘူး။ ဒီမှာ အားလုံး အဆင်ပြေကြတယ်။ ဆင့်ခေါ်စာကျရင် တက်ရောက်ကြပါလို့ ကျွန်တော် ဒီကနေပြောကြားချင်ပါတယ်။ နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်ကို အကောင်းဆုံးကြိုးစားပြီး ထမ်းဆောင်သွားမယ်လို့ ကျွန်တော်ဆုံးဖြတ်ထားပါတယ်။

၂။ စစ်မှုထမ်းက လူတိုင်းထမ်းရမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ကမ္ဘာပေါ်မှာနိုင်ငံပေါင်း ၁၉၇ နိုင်ငံရှိပါတယ်။ နိုင်ငံပေါင်း ၆၀ ကျော်မှာ စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းထားတဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာလည်း မဖြစ်မနေထမ်းရမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အပြင်လောကနဲ့မတူတဲ့ စည်းကမ်းတွေကို ကျွန်တော်တို့ ရရှိမယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ တစ်ခါမှမသင်ယူဖူးတဲ့စစ်ပညာတွေနဲ့ နိုင်ငံတော်ကာကွယ်ဖို့ပညာတွေကို ရရှိမယ်လို့ ထင်ပါတယ်။ လူတိုင်းကတော့ စစ်သားမဖြစ်ပါဘူး။ ကျွန်တော်တို့ အခုလိုမျိုး တာဝန်ထမ်းဆောင်ခွင့်ရတဲ့အတွက် အများကြီး ဂုဏ်ယူပါတယ်။ အလွန်ဝမ်းသာပါတယ်။ ကျွန်တော်တို့ကလည်း ကြိုးစားပြီးတော့ သင်ယူပါမယ်။

**သတင်းစဉ်**









ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပစဉ်။

## Myanmar Business Trade Show & Travel Expo -2026 ပြပွဲ သုံးရက်ကြာကျင်းပ

**ရန်ကုန် စက်တင်ဘာ ၇**

STP Event Management Team က စီစဉ်ပြီး ပြည်တွင်း၊ ပြည်ပ စီးပွားရေးအခွင့်အလမ်းများကို ချိတ်ဆက်ပြသသွားမည့် Myanmar Business Trade Show & Travel Expo –2026 ပြပွဲကို စက်တင်ဘာ ၄ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ Pan Pacific ဟိုတယ်၌ သုံးရက်ကြာကျင်းပခဲ့သည်။

အဆိုပါပြပွဲတွင် နိုင်ငံတကာသံရုံးများနှင့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့များ၊ ပြည်တွင်းစီးပွားရေးအသင်းအဖွဲ့များနှင့် MSME များ၊ Travel ,Tourism & Healthcare ကဏ္ဍမှ လုပ်ငန်းရှင်များ၊ Export , Import & Distribution ကုမ္ပဏီများ၊ Local & International Brand များ၊ ဖျော်ဖြေရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်းများ ပါဝင်ကြသည်။

ထို့ပြင် B2B Networking & Business Matching အခွင့်အလမ်းအစီအစဉ်များ၊ ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များအချင်းချင်း ချိတ်ဆက်ခြင်း၊ Entertainment & Cultural Showcase ဖျော်ဖြေရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များအပြင် စက်တင်ဘာ ၇ ရက်တွင် Exclusive Networking အစီအစဉ်များ ပြုလုပ်ခဲ့သည်။

အဆိုပါ Expo ပြပွဲသည် Market Strategy & Networking အသစ်များ၊ International Business Platform တွင် ပါဝင်ခွင့်၊ နိုင်ငံတကာ ကူးသန်းကုန်သွယ်မှုနှင့် စီးပွားရေးဈေးကွက်ချဲ့ထွင်နိုင်မှု၊ နိုင်ငံတကာသံရုံးများနှင့် တိုက်ရိုက်ချိတ်ဆက်နိုင်မည့် အခွင့်အရေးများရရှိခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသူရ**

## မိုးစပါးစိုက်ခင်းများတွင် ထရိုင်ကိုဂရားမား ဥကပ်ပါးနကျယ်လွှတ်ချည် ကွင်းသရုပ်ပြပွဲ

**ရန်ကုန် စက်တင်ဘာ ၇**



ရန်ကုန် တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ မိုးစပါးသီးနှံစိုက်ခင်းများတွင် ထရိုင်ကိုဂရားမား ဥကပ်ပါးနကျယ်လွှတ်ချည် ကွင်းသရုပ်ပြပွဲ အခမ်းအနားကို ကျုံကန်ကျေးရွာ တောင်သူ ဦးဝင်းမြင့်၏ စိုက်ခင်း၌ စက်တင်ဘာ ၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမင်းမိုးနှင့် ဦးမျိုးမြင့်တို့က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန သန်လျင်ခရိုင် ဦးစီးမှူး ဒေါက်တာဝင်းသန်းက မိုးစပါးသီးနှံ စိုက်ခင်းများတွင် ထရိုင်ကိုဂရားမား ဥကပ်ပါးနကျယ် လွှတ်ချည် ကွင်းသရုပ်ပြခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုးစပါးသီးနှံ စိုက်ခင်းများတွင် ထရိုင်ကိုဂရားမား ဥကပ်ပါး နကျယ်လွှတ်ချည် ကွင်းသရုပ်ပြသခဲ့ကြောင်း သိရသည်။

**သန့်ဇင်ထွန်း**

# ပြည်ပပို့ကုန် ပဲစင်းငုံ တိုးချဲ့စိုက်ပျိုး ဝင်ငွေတိုး

ဆုလတ်မေ

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံကို စိုက်ပျိုးရေးစွမ်းအားရှိသည့်နိုင်ငံအဖြစ် တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံ့စီးပွားရေးအတွက် အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်သကဲ့သို့ လယ်ယာထွက်ကုန်များအနက် ပဲမျိုးစုံသည်လည်း ပြည်ပပို့ကုန်ကဏ္ဍတွင် အရေးပါသောနေရာမှ ပါဝင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပဲမျိုးစုံသည် စိုက်ပျိုးမြေ၏ ၂၀ ရာခိုင်နှုန်းခန့်တွင် စိုက်ပျိုးလျက်ရှိပြီး မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့က ပဲစိုက်ဧက၏ အဓိကအစိတ်အပိုင်းများဖြစ်သည်။





ထိုပဲမျိုးစုံအနက် ပဲစင်းငုံသည် ပြည်ပဈေးကွက်တွင် ဝယ်လိုအားရှိသည့် သီးနှံတစ်မျိုးဖြစ်ပြီး အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကဈေးကွက်တစ်ခုဖြစ်သည်။ ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ ပဲစင်းငုံတင်ပို့မှုသည် တန်ချိန် ၃၆၅၈၆၇ တန်ခန့်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်ထက် တိုးတက်ခဲ့သည်။

**တိုးချဲ့စိုက်ပျိုးသင့်သည့် ပဲစင်းငုံ**

ပဲစင်းငုံသည် ပြည်ပဈေးကွက်တွင် ဝယ်လိုအားရှိသည့် သီးနှံတစ်ခုဖြစ်သည်။ ထို့ကြောင့် ဈေးကွက်လိုအပ်ချက်ကို နားလည်ပြီး အရည်အသွေးကောင်းမွန်သောပဲစင်းငုံကို စနစ်တကျ ထုတ်လုပ်နိုင်ပါက တောင်သူများ၏ စိုက်ပျိုးရေးဝင်ငွေ တိုးတက်လာစေနိုင်သလို နိုင်ငံခြားဝင်ငွေရရှိမှုကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ထို့ပြင် ပဲစင်းငုံကဲ့သို့ ပဲမျိုးများသည် သီးနှံအလှည့်ကျစိုက်ပျိုးရေးတွင် ထည့်သွင်းစိုက်ပျိုးနိုင်ခြင်းကြောင့် လယ်ယာမြေအသုံးချမှုကို ပိုမိုထိရောက်စေနိုင်သည်။ ထို့ကြောင့် စိုက်ပျိုးဧကများလာခြင်းတစ်ခုတည်းကိုသာ မျှော်မှန်းခြင်းမပြုဘဲ တစ်ဧကအထွက်နှုန်း၊ အရည်အသွေးနှင့် ဈေးကွက်တန်ဖိုးတို့ကိုပါ တစ်ပြိုင်နက်တည်း မြှင့်တင်ရန်လိုအပ်သည်။

ပဲစင်းငုံသီးနှံမှာ ပြည်တွင်းစားသုံးမှု အလွန်နည်းပြီး ပြည်ပတင်ပို့မှုအတွက် အဓိကစိုက်ပျိုးသော ပဲအမျိုးအစားဖြစ်သည်။ အရိုးအရွက်များကိုကျွဲ၊ နွားစာအဖြစ်လည်းကောင်း၊ ပင်စည်ရိုးတံကိုထင်းအဖြစ်လည်းကောင်း အသုံးပြုကြသည်။ မြန်မာနိုင်ငံတွင် စစ်ကိုင်း၊ မန္တလေးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ပဲစင်းငုံအများအပြား စိုက်ပျိုးပြီး မိုးသီးနှံအဖြစ် စိုက်ပျိုးကြသည်။ အခင်းလိုက်စိုက်ပျိုးသကဲ့သို့ အခြားသီးနှံများနှင့် အတန်းလိုက်ညှပ်၍ စိုက်ပျိုးသည်များလည်းရှိသည်။

မြန်မာ့ပဲစင်းငုံကို ပြည်ပသို့ တင်ပို့ရာတွင် အိန္ဒိယနိုင်ငံသို့ အများဆုံး တင်ပို့ခြင်းဖြစ်ပြီး ပါကစ္စတန်၊ စင်ကာပူ၊ ကိုရီးယား၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သို့လည်း တင်ပို့သည်။ အလုံးလိုက်အပြင် အခွံချွတ်အခြမ်းအဖြစ်လည်း တင်ပို့သည်။ ကမ္ဘာပေါ်တွင် ပဲစင်းငုံတင်ပို့မှုအများဆုံးနိုင်ငံများမှာ တန်ဇန်းနီးယား၊ ဆူဒန်၊ အိန္ဒိယ၊ မာလာဝီ၊ မိုဇမ်ဘစ်နှင့် မြန်မာနိုင်ငံတို့ဖြစ်ကြကာ တင်သွင်းမှုအများဆုံးနိုင်ငံများတွင် အိန္ဒိယ၊ နီပေါ၊ ယူအေအီး၊ အမေရိကန်နှင့် ဇင်ဘာဘွေ စသည့်နိုင်ငံများ ပါဝင်ကြသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးသော ပဲစင်းငုံမျိုးများအနက် ရေဆင်း-၃၊ ရေဆင်း ၁၀ စသောသက်လျင်မျိုးများ၊ ရေဆင်း-၅၊ ရေဆင်း-၉၊ ရွှေဒင်္ဂါး၊ ငါးဆံပဲ စသော သက်လတ်မျိုးများ၊ ရေဆင်း-၆၊ ရေဆင်း-၈၊ သူဌေးကန် စသော သက်ကြီးမျိုးများမှာ ထင်ရှားသည်။ ရောင်းဝယ်ရာတွင် ပဲစင်းငုံအနီ၊ ပဲစင်းငုံအဖြူ စသည်ဖြင့် ခွဲခြားရောင်းဝယ်ကြသည်။

**တောင်သူများအနေဖြင့် အထူးဂရုပြုရမည့်အချက်များ**

ပဲစင်းငုံစိုက်ပျိုးရာတွင် မိမိဒေသ၏ မြေအမျိုးအစား၊ မိုးရေချိန်နှင့် စိုက်ပျိုးရာသီနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ကို ရွေးချယ်အသုံးပြုရန် အရေးကြီးသည်။ မျိုးစေ့အရည်အသွေးကောင်းမွန်ခြင်းသည် အပင်ပေါက်ကောင်းမွန်ရေးနှင့် အထွက်နှုန်းအတွက် အခြေခံအချက်ဖြစ်သည်။ မြေဆီလွှာအခြေအနေကို စစ်ဆေးပြီး လိုအပ်သည့် မြေဩဇာနှင့် အာဟာရဓာတ်များကို သင့်တော်သည့်ပမာဏဖြင့် အသုံးပြုသင့်သည်။ ရေဝပ်မှုကိုရှောင်ရှားခြင်း၊ ပေါင်းမြက်ကို အချိန်မီထိန်းချုပ်ခြင်းနှင့် ပိုးမွှားရောဂါများကို စောစီးစွာ စောင့်ကြည့်ခြင်းတို့သည်လည်း အရေးကြီးသည်။ အထူးသဖြင့် ပြည်ပပို့ကုန်အတွက် စိုက်ပျိုးခြင်းဆိုသည်မှာ အထွက်နှုန်းတစ်ခုတည်းကို ကြည့်၍မရဘဲ အရည်အသွေးကိုပါ ဦးစားပေးရမည်ဖြစ်သည်။ အစေ့အရွယ်အစား၊ အရောင်၊ အစိုဓာတ်နှင့် အညစ်အကြေးကင်းစင်မှုတို့ကို ဂရုပြုထုတ်လုပ်ခြင်းဖြင့် ပြည်ပဝယ်လက်များ၏ယုံကြည်မှုကို ရရှိနိုင်မည်ဖြစ်သည်။

> **ပဲစင်းငုံတိုးချဲ့စိုက်ပျိုးရေးသည် စိုက်ဧကတိုးမြှင့်ခြင်းတစ်ခုတည်းဖြင့် ပြီးမြောက်နိုင်သည့်လုပ်ငန်းမဟုတ်ပေ။ မျိုးကောင်းမျိုးသန့်၊ မှန်ကန်သော စိုက်ပျိုးနည်း၊ သွင်းအားစုအချိန်မီရရှိရေး၊ သုတေသနနှင့် နည်းပညာ၊ ရိတ်သိမ်းပြီးနောက် အရည်အသွေးထိန်းသိမ်းရေးနှင့် ပြည်ပဈေးကွက်ချိတ်ဆက်မှုတို့ကို တစ်ဆက်တည်း အကောင်အထည်ဖော်ရန်လိုအပ်သည်။ နိုင်ငံတော်က မျိုးစေ့၊ နည်းပညာ၊ သုတေသန၊ သွင်းအားစုနှင့် ဈေးကွက်ချိတ်ဆက်ရေးဘက်မှ ပံ့ပိုးပေးနေချိန်တွင် တောင်သူများကလည်း အရည်အသွေးကောင်းမွန်သည့် ပဲစင်းငုံများ ထုတ်လုပ်နိုင်ရန် စိုက်ပျိုးရေးနည်းပညာများကို လိုက်နာအသုံးချကြရန်လိုအပ်**

**နိုင်ငံတော်၏ပံ့ပိုးဆောင်ရွက်မှု**

ပဲစင်းငုံသည် ပြည်တွင်းစားသုံးမှုအတွက်သာမက ပြည်ပပို့ကုန်ကဏ္ဍတွင်ပါ အရေးပါသည့် သီးနှံတစ်မျိုးဖြစ်သဖြင့် ပဲစင်းငုံအပါအဝင် ပဲမျိုးစုံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် တောင်သူများ၏ ဝင်ငွေတိုးတက်ရေးနှင့် နိုင်ငံခြားဝင်ငွေတိုးမြှင့်ရေးအတွက် အရေးကြီးပါသည်။ မြန်မာနိုင်ငံ၏ ပဲမျိုးစုံထုတ်လုပ်မှုသည် လယ်ယာထွက်ကုန်ထုတ်လုပ်မှုတွင် အရေးပါသောအခန်းကဏ္ဍတွင်ရှိပြီး စိုက်ပျိုးမြေ၏ ၂၀ ရာခိုင်နှုန်းခန့်တွင် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ပဲစင်းငုံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် အရည်အသွေးပြည့်မီသည့် မျိုးစေ့များ၊ သီးနှံအလိုက် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးရာတွင် စံချိန်စံညွှန်းပြည့်မီသော သွင်းအားစုများနှင့် စိုက်ပျိုးနည်းပညာအကူအညီများပံ့ပိုးပေးရန် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် တောင်သူများထံသို့ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ ပိုမိုပြန့်ပွားစေရေးနှင့် မျိုးစေ့၊ နည်းပညာများ ပံ့ပိုးပေးရေးကို စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် တောင်သူများကိုယ်တိုင်ပါဝင်သည့် Farmer Participatory Approach ဖြင့် စံပြကွက်များ ဆောင်ရွက်ကာ အကျိုးရှိသည့်မျိုး၊ စိုက်စနစ်နှင့် သီးနှံပုံစံများကို လက်တွေ့လေ့လာနိုင်ပြီး နည်းပညာများ ပိုမိုပြန့်ပွားစေရေးဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ပဲစင်းငုံစိုက်ပျိုးမည့် တောင်သူများအနေဖြင့် မိမိဒေသရှိစိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ စိုက်ပျိုးရေးပညာရှင်များထံမှ မျိုးရွေးချယ်ခြင်း၊ မြေပြုပြင်ခြင်း၊ စိုက်ပျိုးချိန်၊ မြေဩဇာအသုံးပြုမှု၊ ပိုးမွှားရောဂါကာကွယ်ရေးနှင့် ရိတ်သိမ်းချိန်ဆိုင်ရာ နည်းပညာအကြံပြုချက်များကိုရယူပြီး စိုက်ပျိုးသင့်သည်။

သီးနှံအထွက်နှုန်း တိုးတက်ရေးတွင်လည်း မျိုးစေ့ကောင်းမွန်ခြင်းနှင့်အတူ မြေဩဇာနှင့် အခြားလိုအပ်သည့်သွင်းအားစုများ အချိန်မီရရှိရေးသည်လည်း အရေးကြီးသည်။ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်က စီးပွားရေးအထောက်အကူပြုသီးနှံများ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအတွက် ယူရီးယားနှင့် ၁၅ ပတ်လည် ကွန်ပေါင်းဓာတ်မြေဩဇာများကို ဈေးကွက်ပေါက်ဈေးထက် ၂၅ ရာခိုင်နှုန်းအောက် လျှော့နည်းသောဈေးနှုန်းဖြင့် တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။ ယင်းကဲ့သို့ သွင်းအားစုများကို သင့်တင့်သောဈေးနှုန်းဖြင့်ရရှိနိုင်ရေး ဆောင်ရွက်ပေးခြင်းသည် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်ကို ထိန်းချုပ်နိုင်ရေးနှင့် တစ်ဧကအထွက်နှုန်းမြှင့်တင်ရေးအတွက် အထောက်အကူဖြစ်စေနိုင်သည်။ သို့သော် ဓာတ်မြေဩဇာအသုံးပြုရာတွင် မိမိမြေ၏ အာဟာရအခြေအနေနှင့် သီးနှံလိုအပ်ချက်အတိုင်း စနစ်တကျအသုံးပြုရန် လိုအပ်သည်။

**ပြည်ပဈေးကွက်နှင့် ကုန်သွယ်ရေးအခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း**

ပဲစင်းငုံ၏ အရေးပါဆုံးအချက်တစ်ခုမှာ ပြည်ပဈေးကွက်ရှိခြင်းဖြစ်သည်။ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ပဲစင်းငုံနှင့် မတ်ပဲ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) ကို ၂၀၂၁ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ထိုအစီအစဉ်အရ ဘဏ္ဍာနှစ်ငါးနှစ်အတွင်း မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပဲစင်းငုံ တန်ချိန် ၁၀၀၀၀၀ နှင့် မတ်ပဲ တန်ချိန် ၂၅၀၀၀၀ တင်ပို့ရန် သဘောတူထားခဲ့သည်။ ထိုကဲ့သို့ နှစ်နိုင်ငံအကြားကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် တောင်သူများအတွက် ပြည်ပဈေးကွက်အလားအလာကို ပိုမိုရှင်းလင်းစေပြီး ပဲစင်းငုံထုတ်လုပ်မှုကို ဈေးကွက်လိုအပ်ချက်နှင့် ချိတ်ဆက်စီမံနိုင်ရန် အထောက်အကူပြုနိုင်သည်။ ပို့ကုန်သီးနှံဖြစ်သည့်အတွက် စိုက်ပျိုးထုတ်လုပ်မှုအဆင့်တွင်သာ အရည်အသွေးကောင်းမွန်ရန်မလုံလောက်ဘဲ ရိတ်သိမ်းပြီးနောက်ပိုင်းတွင်လည်း အရည်အသွေးထိန်းသိမ်းရန် လိုအပ်သည်။ နိုင်ငံတော်က သီးနှံများကိုထုတ်လုပ်သည့်အဆင့်မှ စားသုံးသည့်အဆင့်အထိ ကွင်းဆက်တစ်လျှောက်ဖြစ်ပေါ်နိုင်သည့် လေလွင့်ဆုံးရှုံးမှုများ လျှော့ချရေးကို မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပြီး ရိတ်သိမ်းခြွေလှေ့မှု၊ သယ်ယူပို့ဆောင်မှုနှင့် ပြုပြင်ထုတ်လုပ်မှုအဆင့်များတွင် ဆုံးရှုံးမှုလျှော့ချရေးကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ပဲစင်းငုံကိုရိတ်သိမ်းပြီးနောက် အချိန်မီအခြောက်ခံခြင်း၊ သန့်စင်ခြင်း၊ အစိုဓာတ်ထိန်းချုပ်ခြင်း၊ သိုလှောင်ခြင်းနှင့် သင့်လျော်စွာထုပ်ပိုးခြင်းတို့ကို စနစ်တကျလုပ်ဆောင်ခြင်းသည် ပြည်ပဈေးကွက်တွင် အရည်အသွေးကောင်းသော ပဲစင်းငုံအဖြစ် ရောင်းချနိုင်မည်ဖြစ်သည်။

ပဲစင်းငုံတိုးချဲ့စိုက်ပျိုးရေးသည် စိုက်ဧကတိုးမြှင့်ခြင်းတစ်ခုတည်းဖြင့် ပြီးမြောက်နိုင်သည့်လုပ်ငန်းမဟုတ်ပေ။ မျိုးကောင်းမျိုးသန့်၊ မှန်ကန်သောစိုက်ပျိုးနည်း၊ သွင်းအားစုအချိန်မီရရှိရေး၊ သုတေသနနှင့် နည်းပညာ၊ **စာမျက်နှာ ၁၁ သို့** ❑




# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော်　စက်တင်ဘာ ၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ**"ဘာသာတရားနဲ့ ရဟန်းသံဃာတော်တွေကို ခုတုံးလုပ် သွေးခွဲသတ်ဖြတ်နေကြတဲ့ အကြမ်းဖက် PDF များ"**ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ် စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် **"တော်လှန်ရေးအကြောင်းပြ လက်နက်ကိုင် ခြိမ်းခြောက်၍ အပြစ်မဲ့ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်း၊ သံဃာတော်တွေကို ဆက်ကြေးကောက်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ ငွေညှစ်၊ လုယက်သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါ အစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၇**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်း အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသားကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်း ပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက် ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။

ထို့အပြင် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူ များ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

**သတင်းစဉ်**

# ရွှေဘိုတက္ကသိုလ်၌ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရွှေဘို　စက်တင်ဘာ　၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုတက္ကသိုလ်၌ ၂၀၂၆ ခုနှစ် ဘာသာရပ်ပေါင်းစုံ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၆ ရက်က ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရွှေဘိုတက္ကသိုလ် ပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာမြတ်မြတ်သော်က အမှာစကားပြောကြားသည်။

အဆိုပါပြိုင်ပွဲတွင် ကာယဗလမောင် ငါးဦး၊ ကာယအလှမယ် ၁၃ ဦးတို့က သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကိုယ်ကာယကြံ့ခိုင်မှုနှင့် ကိုယ်ဟန်အနေအထားများကို ယှဉ်ပြိုင်ပြသကြသည်။ ထို့နောက် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုတံဆိပ်နှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်ပြီး ရွှေဘိုတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာမြတ်မြတ်သော်က အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# လေးမျက်နှာမြို့နယ် အခြေခံပညာမူလတန်းကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေးသန့်ရှင်းရေးဆောင်ရွက်

**လေးမျက်နှာ　စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်း ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက လေးမျက်နှာမြို့နယ် အခြေခံပညာမူလတန်း (အိုင်သပြု) တောင်ကျောင်း၌ ယနေ့နံနက်ပိုင်းက သန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

**သန့်ရှင်းရေးဆောင်ရွက်**

ထိုသို့ဆောင်ရွက်ရာတွင် ဟင်္သာတခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက စာသင်ခန်းများအတွင်းရှိ ရွှံ့နွံများ ဖယ်ရှားခြင်း၊ စာရေးခုံ၊ ထိုင်ခုံ၊ စားပွဲများ သန့်ရှင်းရေးဆောင်ရွက်ပြီး ကျောင်းအတွင်း/အပြင် သန့်ရှင်းရေးလုပ်ငန်းများ၊ ကျောင်းသန့်ရှင်းသာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းထက်သာ**

❑ စာမျက်နှာ ၁၀ မှ

ရိတ်သိမ်းပြီးနောက် အရည်အသွေးထိန်းသိမ်းရေးနှင့် ပြည်ပဈေးကွက်ချိတ်ဆက်မှုတို့ကို တစ်ဆက်တည်း အကောင်အထည်ဖော်ရန် လိုအပ်သည်။ နိုင်ငံတော်က မျိုးစေ့၊ နည်းပညာ၊ သုတေသန၊ သွင်းအားစုနှင့် ဈေးကွက်ချိတ်ဆက်ရေးဘက်မှ ပံ့ပိုးပေးနေချိန်တွင် တောင်သူများကလည်း အရည်အသွေးကောင်းမွန်သည့် ပဲစင်းငုံများထုတ်လုပ်နိုင်ရန် စိုက်ပျိုးရေးနည်းပညာများကို လိုက်နာအသုံးချကြရန် လိုအပ်သည်။ ထိုသို့ နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်ပါက တစ်ဧကအထွက်နှုန်းတိုးတက်ခြင်း၊ တောင်သူဝင်ငွေမြင့်တက်ခြင်းနှင့် နိုင်ငံခြားပို့ကုန်ဝင်ငွေတိုးမြှင့်ခြင်းတို့ကို တစ်ပြိုင်နက်တည်း ရရှိစေနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပဲမျိုးစုံ ၁၈ မျိုးကို နှစ်စဉ်စိုက်ဧက စုစုပေါင်း ၁၁ ဒသမ ၄၅ သန်းခန့် စိုက်ပျိုးလျက်ရှိပြီး ပဲတီစိမ်း ၂၆ ရာခိုင်နှုန်း၊ မတ်ပဲ ၂၅ ရာခိုင်နှုန်း၊ ပဲစင်းငုံ ၁၅ ရာခိုင်နှုန်းနှင့် ကုလားပဲ ရှစ်ရာခိုင်နှုန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

**အနာဂတ်အတွက် ပဲစင်းငုံကဏ္ဍ**

မြန်မာနိုင်ငံ၏ ပဲမျိုးစုံသည် နိုင်ငံခြားဈေးကွက်များတွင် ရှိပြီးသားဈေးကွက်အခြေခံကောင်း တစ်ရပ်ရရှိထားပြီးဖြစ်သည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းတို့မှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံခန့် ရရှိခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ ပဲစင်းငုံတိုးချဲ့စိုက်ပျိုးရေးသည် ဧကတိုးချဲ့ရေးသက်သက်မဟုတ်ဘဲ "မျိုးကောင်း-နည်းမှန်-အထွက်ကောင်း-အရည်အသွေးမြင့်-ဈေးကွက်ရရှိ"ဟူသည့် ကွင်းဆက်တစ်ခုလုံးတိုးတက်အောင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည်။ တောင်သူကောင်းစားမှ ကျေးလက်စီးပွားရေးကောင်းမွန်လာမည် ဖြစ်သည်။ ကျေးလက်စီးပွားရေးကောင်းမွန်လာမှ နိုင်ငံ့စီးပွားရေးလည်း ပိုမိုခိုင်မာလာမည်ဖြစ်သည်။ ထို့ကြောင့် ပြည်ပဈေးကွက်၏ လိုအပ်ချက်နှင့် ကိုက်ညီသော အရည်အသွေးမြင့် ပဲစင်းငုံများကို စနစ်တကျ ထုတ်လုပ်တင်ပို့နိုင်ရေးသည် တောင်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်ရေးအတွက်သာမက နိုင်ငံ၏ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေးအတွက်ပါ အရေးပါသော အခွင့်အလမ်းတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။

၂၅-၈-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌ နိုင်ငံတော်သမ္မတက မိမိတို့နိုင်ငံသည် ပဲစိုက်ပျိုး၍ နိုင်ငံတကာသို့တင်ပို့နေသည့် ထိပ်တန်းနိုင်ငံများတွင် ပါဝင်ကြောင်း၊ ထို့ကြောင့် ပဲစိုက်ပျိုးမှုကိုလည်း နိုင်ငံ၏ အဓိကစီးပွားရေးအဖြစ် မှတ်ယူ၍ အရည်အသွေးကောင်းမွန်သည့်ပဲများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း မှာကြားခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယနေ့အချိန်တွင် နိုင်ငံတော်သည် ပြည်ပပို့ကုန်အဖြစ် စက်မှုကုန်ကြမ်းသီးနှံများကို တိုးချဲ့ထုတ်လုပ်လျက်ရှိသလို တောင်သူဦးကြီးများအနေဖြင့် ပြည်ပပို့ကုန်ပဲစင်းငုံသီးနှံကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ပါက မိသားစုအလိုက် ဝင်ငွေတိုးတက်စေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**ကိုးကား-** **၂၅-၈-၂၀၂၆ ရက်နေ့ထုတ် သတင်းစာ**
**စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ**
**moi.gov.mm/news**
**http://commerce.gov.com**
**http://mairs.doa.gov.com**

## ညောင်တုန်းကျွန်းတာ မြစ်ကမ်းပါး ရေတိုက်စားမှုကြောင့် မြေအိပ်ပဲ့ကျမှုဖြစ်ပွားခဲ့သည့်နေရာ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ပုသိမ် စက်တင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု ချောင်းဖျားကျေးရွာရှိ ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)၌ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ဆည်မြောင်းတာအိပ်ပဲ့ကျမှုဖြစ်ပွားခဲ့သည့် တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၏ တစ်ဆက်တည်းတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



### ကြည့်ရှုစစ်ဆေး

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာ၏ကြံ့ခိုင်မှုနှင့် လုံခြုံစိတ်ချရမှုရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန်၊ ရေစီးကြောင်းအခြေအနေ၊ ရေစီးနှုန်းနှင့် ကမ်းပါးအခြေအနေများကို အမြဲမပြတ်စောင့်ကြည့်စစ်ဆေးပြီး လိုအပ်သည့်နေရာများတွင် အချိန်မီ ကြိုတင်ပြင်ဆင်ကာကွယ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့မှတစ်ဆင့် ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့ အမှတ် (၁) ရပ်ကွက် ရတနာပုံရိပ်သာကျောင်းတိုက်ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ထို့အတူ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ကလည်း အားပေးစကားပြောကြားသည်။

ဆက်လက်၍ ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာအနီး ရန်ကုန်-ပုသိမ်ကားလမ်းဘေးဝဲယာ ရေမြောင်းများနှင့် ဆားမလောက်- မအူပင်ကားလမ်းဘေးဝဲယာ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဗေဒါများ၊ ချုံနွယ်များ၊ မြက်ပင်များကို လူအင်အား၊ စက်အင်အား အသုံးပြု၍ ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ညောင်တုန်းမြို့ စက္ကော့ကျေးရွာ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းရှိ စာသင်ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံဆွေးနွေးကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ညောင်တုန်းမြို့နယ် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ အိပ်ပဲ့ကျမှုဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာအား ဆည်မြောင်းတာအတွင်းဘက်ခြမ်း ပန်းတာတည်ဆောက်ခြင်း၊ ဆည်မြောင်းတာအတွင်းဘက်ခြမ်း Upstream Slope နှင့် Downstream Slope နေရာများ၌ သဲအိတ်စီ၍ တာခြေထောက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဆောင်ရွက်ခြင်း၊ ကမ်းပြိုကာကွယ်ရေးသုံး Geotextine ခင်းခြင်း၊ Steel Cable Groyne ဆောင်ရွက်ခြင်းနှင့် ရေလမ်းသောင်တူးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် စက်တင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း ကျုံပျော်မြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ရှစ်ပေတစ်လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ခြောက်ပေ ခုနစ်လက်မခန့်သာ ကျန်ရှိသဖြင့် တစ်ပေ ခြောက်လက်မခန့် ကျဆင်းသွားကြောင်း၊ ရေကြည်မြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ နှစ်လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ခြောက်ပေ ခြောက်လက်မခန့်သာ ကျန်ရှိသဖြင့် လေးပေ ရှစ်လက်မခန့် ကျဆင်းသွားခဲ့ကြောင်းနှင့် ငသိုင်းချောင်းမြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ကိုးလက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ခုနစ်ပေ ခုနစ်လက်မခန့်သာကျန်ရှိသဖြင့် သုံးပေ နှစ်လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မြောင်းမြမြို့၌ မိုးစပါး မြေသြဇာ ကြဲပက်ခြင်းနှင့် ပေါင်းလိုက်တမန်းနှိုးခြင်း သရုပ်ပြပွဲကျင်းပ

မြောင်းမြ စက်တင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် မိုးစပါး မြေသြဇာကြဲပက်ခြင်းနှင့် ပေါင်းလိုက်တမန်းနှိုးခြင်းသရုပ်ပြပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာ မြောင်းမြခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူ ၈၀ တို့က ကံကြီးကျေးရွာရှိ တောင်သူဦးမိုးဝင်း၏ ထိုင်းနံ့ကောက်စပါးမျိုး စိုက်ပျိုးထားသည့် လယ်နှစ်ဧကအတွင်း၌ မိုးစပါး မြေသြဇာကြဲပက်ခြင်းနှင့် ပေါင်းလိုက်တမန်းနှိုးခြင်းများ သရုပ်ပြဆောင်ရွက်သည်။

ယင်းနောက် ခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က တက်ရောက်လာကြသည့် တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားခြင်း၊ မြေသြဇာကြဲပက်ခြင်းဆိုင်ရာ အသိပညာပေးပြောကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)



# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဆေးတပ်ဖွဲ့ဝင်များပါဝင်သည့် ရထား လာအိုနိုင်ငံသို့ ရောက်ရှိ



ဗီယင်ကျန်း စက်တင်ဘာ ၇

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဆေးတပ်ဖွဲ့ဝင်များပါဝင်သည့် ရထားသည် China-Laos "Peace Train-2026"ဟု အမည်ရသည့် ဆေးဘက်ဆိုင်ရာကုသရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်ရန်အတွက် လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်းသို့ စက်တင်ဘာ ၆ ရက်က ရောက်ရှိလာခဲ့ကြောင်း သိရသည်။

၁၇ ရက်ကြာဆောင်ရွက်မည့် ဆေးဘက်ဆိုင်ရာနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ ပူးတွဲလေ့ကျင့်ရေးအစီအစဉ်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဆေးတပ်ဖွဲ့ဝင်များသည် လာအိုပြည်သူ့တပ်မတော်မှ ဆေးဘက်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့နှင့် ပူးပေါင်း၍ ဆေးကုသရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။ ယခုခရီးစဉ်တွင် လိုက်ပါတာဝန်ထမ်းဆောင်သည့် တရုတ်ဆေးတပ်ဖွဲ့ဝင်များသည် ဆေးကုသရေးဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများကို တက်ရောက်သင်ကြားပြီးသူများဖြစ်ပြီး တိုက်ပွဲအတွင်း ကုသမှုများကို လက်တွေ့ဆောင်ရွက်ခဲ့သူများဖြစ်ကြောင်း တရုတ်နိုင်ငံမှ ဆေးကုသရေးအဖွဲ့ခေါင်းဆောင် ဆောင်ကိုင်ပင်းက ပြောကြားသည်။

တရုတ်နိုင်ငံ၏ လာအိုနိုင်ငံကျန်းမာရေးကဏ္ဍအား ပြီးခဲ့သည့်နှစ်များအတွင်းက ဆေးဘက်ဆိုင်ရာအကူအညီများပေးခဲ့ခြင်းအတွက် လာအိုနိုင်ငံက ကျေးဇူးတင်ရှိကြောင်းနှင့် ယခုကဲ့သို့ ဆေးကုသရေးလုပ်ငန်းများဆောင်ရွက်ရန် ငြိမ်းချမ်းရေးရထားခရီးစဉ်များ စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံတပ်မတော်များအကြား အပြန်အလှန်ယုံကြည်မှုနှင့် ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြင့်တက်လာခဲ့ကြောင်း လာအိုပြည်သူ့တပ်မတော် ဗဟိုထောက်ပံ့ပို့ဆောင်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဘူဆင် အင်သာဗောင်က ပြောကြားသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုအရ နှစ်နိုင်ငံစစ်ဘက်ဆိုင်ရာ ပူးပေါင်းကွပ်ကဲမှု၊ ပူးတွဲကယ်ဆယ်ရေးနှင့် ဆေးဘက်ဆိုင်ရာ ထောက်ပံ့မှုများတွင် တပ်မတော်များ၏ စွမ်းရည်များ တိုးမြှင့်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံစစ်ဘက်ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်ဖလှယ်မှုအတွက် စံနမူနာများကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လေ့ကျင့်မှုအပြီးတွင် ဆေးအဖွဲ့သည် ဗီယင်ကျန်း၊ ဆာဗားနားခတ်ချမ်ပါဆက်နှင့် အတက်ပီယူပြည်နယ်များသို့ သွားရောက်ကာ ရောဂါရှာဖွေခြင်း၊ ကုသခြင်းနှင့် ဆေးပညာရပ်ဆိုင်ရာ ဟောပြောပွဲများ ကျင်းပဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ




# အီရန်နှင့် အိုမန်အကြား ဟော်မုဇ်ရေလက်ကြား ယာယီဖြတ်သန်းရေး လမ်းကြောင်းသတ်မှတ်ရေး ဆွေးနွေးမှု နောက်ဆုံးအဆင့်ရောက်ရှိ

တီဟီရန် စက်တင်ဘာ ၇

အီရန်နှင့် အိုမန်အကြား ဟော်မုဇ်ရေလက်ကြား ယာယီဖြတ်သန်းရေးလမ်းကြောင်းသတ်မှတ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုများမှာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အစ္စမေး ဗဂါအီက စက်တင်ဘာ ၇ ရက်တွင် ပြောကြားသည်။

ယခုကဲ့သို့ နှစ်နိုင်ငံအကြား ဟော်မုဇ်ရေလက်ကြား ယာယီဖြတ်သန်းရေး လမ်းကြောင်းသတ်မှတ်ခြင်းကို အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့အစည်းတွင် မကြာမီရက်များအတွင်း မှတ်ပုံတင်၍ဆောင်ရွက်ဖွယ်ရှိကြောင်း ၎င်းကပြောကြားသည်။ ယခုကဲ့သို့ ဟော်မုဇ်ရေလက်ကြားတွင် မလုံခြုံမှုများရှိခြင်းသည် အီရန်အပေါ် အစ္စရေးနှင့် အမေရိကန်တို့၏ စစ်ရေးအရ ရန်လိုတိုက်ခိုက်မှုများကြောင့်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ အီရန်နိုင်ငံသို့ ကာတာကိုယ်စားလှယ်အဖွဲ့ရောက်ရှိခြင်းနှင့်ပတ်သက်၍ ၎င်းသည် ဒေသတွင်းတင်းမာမှုများလျှော့ချရန် ကာတာ၏ကြိုးပမ်းမှုဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အီရန်နှင့် အိုမန်တို့အကြား ပြီးခဲ့သည့်လနှောင်းပိုင်းက ဟော်မုဇ်ရေလက်ကြားတွင် ရေကြောင်းသွားလာရေးဆိုင်ရာ ယာယီလမ်းကြောင်းသတ်မှတ်ရန်အတွက် လုပ်ငန်းမူဘောင်များချမှတ်ရန်နှင့် အဆိုပါရေလမ်းကြောင်းတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အမြင်ချင်းဖလှယ်ခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# ဟော်မုဇ်ရေလက်ကြားတွင် တောင်ကိုရီးယားနိုင်ငံက စစ်ရေးအရ ပါဝင်ဆောင်ရွက်ခြင်းမပြုရန် အီရန်သတိပေး

တီဟီရန် စက်တင်ဘာ ၇

ဟော်မုဇ်ရေလက်ကြားတွင် တောင်ကိုရီးယားနိုင်ငံက စစ်ရေးအရ ပါဝင်ဆောင်ရွက်ခြင်းမပြုရန် အီရန်အနေဖြင့် သတိပေးလိုကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အစ္စမေးဗဂါဒီက စက်တင်ဘာ ၇ ရက်တွင် ပြောကြားသည်။

ဟော်မုဇ်ရေလက်ကြားတွင် ရေကြောင်းခရီးဖြင့် လွတ်လပ်စွာသွားလာနိုင်ရေးအတွက် စစ်ရေးနည်းလမ်းဖြင့် ပါဝင်ဆောင်ရွက်မည့်နည်းလမ်းကို ပြန်လှန်သုံးသပ်နေကြောင်း တောင်ကိုရီးယားက ပြောကြားခဲ့ပြီး ၎င်းကအထက်ပါအတိုင်း မှတ်ချက်ပြု ပြောကြားခြင်းဖြစ်သည်။ အီရန်နှင့် တောင်ကိုရီးယားအကြား ၆၄ နှစ်ကျော်ကြာ ရှည်လျားသည့် သမိုင်းဝင်ဆက်ဆံရေးရှိပြီး အပြန်အလှန်လေးစားမှုအပေါ် အခြေခံ၍ နှစ်နိုင်ငံဆက်ဆံရေးသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေကြောင်း ၎င်းက ပြောကြားခဲ့သည်။ အီရန်နိုင်ငံသားများသည် လက်ရှိအချိန်တွင် အမေရိကန်၏ တိုက်ခိုက်မှုများမှ ကာကွယ်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်က အဆိုပါစစ်ပွဲအား ဆင်နွှဲခဲ့ခြင်းကြောင့် ရေနံတင်သင်္ဘောများ ရပ်တန့်သွားကာ ကုန်သွယ်မှု အနှောင့်အယှက်ဖြစ်ခြင်းနှင့် စွမ်းအင်ဈေးနှုန်းများ မြင့်တက်ခြင်းတို့ဖြစ်ခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# ကမ္ဘောဒီးယားနိုင်ငံ၌ မျက်စိကျန်းမာရေး ဘက်စုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်

ဖနောင်ပင် စက်တင်ဘာ ၇

ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၂၆ ခုနှစ်မှ ၂၀၃၁ ခုနှစ်အထိ ခြောက်နှစ်တာ သက်တမ်းရှိသည့် မျက်စိကျန်းမာရေး ဘက်စုံစီမံကိန်းတစ်ခုကို စက်တင်ဘာ ၇ ရက်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မျက်စိကျန်းမာရေးသည် ပိုမိုကျယ်ပြန့်သည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ အခြေခံအုတ်မြစ်ဖြစ်ပြီး နိုင်ငံ၏ လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံမှုဆိုင်ရာ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်ကြောင်း မြို့တော်ဖနောင်ပင်တွင် ကျင်းပသည့် အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီး ချီအန်ရာက ပြောကြားသည်။

ယခုစီမံကိန်းသည် နိုင်ငံအတွင်းရှိ ကျေးလက်ဒေသ ဝေးလံခေါင်ဖျားနေရာများရှိ ဒေသခံများအား မျက်စိကျန်းမာရေး စောင့်ရှောက်ပေးနိုင်ရေး အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အမြင်အာရုံသည် အသိပညာများလေ့လာရန် မရှိမဖြစ်လိုအပ်သည့်အရာဖြစ်ပြီး အမြင်အာရုံချို့တဲ့သည့် ကလေးများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းဖြင့် နိုင်ငံ၏ အနာဂတ်ကို မြှင့်တင်ရာရောက်ကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ခိုင်မာပြီး ရေရှည်တည်တံ့ကာ တန်းတူညီမျှသော မျက်စိကျန်းမာရေး စနစ်တစ်ခု တည်ဆောက်ရန် ကြိုးပမ်းနေချိန်တွင် မည်သူမျှ နောက်ကျမကျန်ရစ်စေရန်အတွက် နိုင်ငံသားများ စည်းလုံးညီညွတ်စွာ ဆောင်ရွက်ရန် ၎င်းက ပန်ကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# အင်ဒိုနီးရှားနိုင်ငံ၌ မီးတောင်လှုပ်ရှားမှုဖြစ်

ဂျကာတာ စက်တင်ဘာ ၇

အင်ဒိုနီးရှားနိုင်ငံ၌ အနတ်ကရာကာနတယူ မီးတောင်သည် စက်တင်ဘာ ၇ ရက် ညနေ ၆ နာရီက ထပ်မံလှုပ်ရှားလာပြီး မြို့တော်ဂျကာတာဆီသို့ မီးတောင်ပြာများ ပန်းထွက်ခဲ့သဖြင့် နိုင်ငံအတွင်းရှိ လေဆိပ်လေးခု၌ လေကြောင်းပျံသန်းရေးလုပ်ငန်းများကို ရပ်ဆိုင်းခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဂျကာတာဒေသရှိ ဆူကာနိုဟာတာ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဟလင်းပါဒါနာကူဆူမာလေဆိပ်၊ လန်ပန်ဒေသရှိ ရာဒန်အင်တန် အမှတ်(၂)လေဆိပ်နှင့် ဘန်ဒေါင်းဒေသရှိ ဆက်ထရာနိဂါရာ လေဆိပ်များတွင် လေကြောင်းခရီးစဉ်များ ရပ်နားထားကြောင်း သိရသည်။

အဆိုပါမီးတောင်မှ မီးတောင်ပြာများ ပန်းထွက်လာမှုကြောင့် လေကြောင်းခရီးစဉ် ၁၅၀၀ ကျော်နှင့် ခရီးသည် ၁၇၀၀၀၀ ကျော်သည် ခရီးစဉ်များနှောင့်နှေးခဲ့ရသည်။ ဆန်ဒါရေလက်ကြားတွင် တည်ရှိသည့် အဆိုပါမီးတောင်သည် ပြီးခဲ့သည့် နှစ်များအတွင်းကလည်း လှုပ်ရှားမှုများရှိခဲ့သည်။ အဆိုပါမီးတောင် ၂၀၁၈ ခုနှစ်က ပြိုကျမှုကြောင့် ဆူနာမီဖြစ်ပွားကာ ဒေသခံ ၄၀၀ ကျော် သေဆုံးခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# မွေးမြူရေးဇုန်များ၏အင်အားဖြင့် နိုင်ငံ၏စားနပ်ရိက္ခာဖူလုံရေး ကြိုးပမ်းအားထုတ်

*ဒေါက်တာခင်စန္ဒာလွင်(မွေး-ကု)*

"မြေတစ်လက်မချင်းစီကို တန်ဖိုးထား၊ တိရစ္ဆာန်တစ်ကောင်ချင်းစီကို စနစ်တကျမွေးမြူ၊ အစားအစာတစ်နပ်ချင်းစီကို အာဟာရပြည့်ဝစေကာ မိမိတို့ဒေသ၏ စားရေရိက္ခာကို မိမိတို့လက်ဖြင့် ဖန်တီးကြပါစို့"

နံနက်ခင်း၏ နေရောင်ခြည်သည် မြေပြင်ပေါ်သို့ ရွှေရောင်ခြည်များ ဖြန့်ကြက်နေချိန်တွင် လယ်သမားများသည် လယ်ယာမြေများ၌ လယ်ထွန်ယက်နေကြသကဲ့သို့ တစ်ဖက်၌လည်း မွေးမြူရေးသမားများသည် မိမိတို့၏ နွား၊ ဝက်၊ ကြက်၊ ဘဲ၊ ဆိတ်နှင့် ငုံးများကို အစာကျွေးမွေးခြင်း၊ ရေတိုက်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ခြင်းတို့ကို အားတက်သရော ဆောင်ရွက်နေကြသည်။ ထိုမြင်ကွင်းများသည် မြန်မာနိုင်ငံ၏ စားရေရိက္ခာဖူလုံရေးအတွက် အခြေခံအုတ်မြစ်များကို တည်ဆောက်ပေးနေသည့် အားမာန်ပြည့်ဝသော လက်တွေ့မြင်ကွင်းတစ်ရပ်ပင်ဖြစ်သည်။

လူတစ်ဦးသည် နေ့စဉ်ဘဝကို ဖြတ်သန်း၍ အလုပ်လုပ်ရန် ခွန်အားလိုအပ်သကဲ့သို့ ထိုခွန်အားကို ဖြည့်ဆည်းပေးရန် အာဟာရပြည့်ဝသော အစားအစာများလည်းလိုအပ်သည်။ ထမင်းတစ်ပန်းကန်၊ အသားတစ်တုံး၊ ဥတစ်လုံး၊ နို့တစ်ခွက်တို့သည် သာမန်စားသောက်စရာများဟု ထင်ရသော်လည်း ထိုအစားအစာများ၏ နောက်ကွယ်တွင် လယ်သမား၏ ချွေး၊ မွေးမြူရေးသမား၏ ကြိုးစားအားထုတ်မှု၊ ပညာရှင်များ၏ နည်းပညာနှင့် သက်ဆိုင်ရာဌာနများ၏ ပံ့ပိုးဆောင်ရွက်မှုတို့ ပေါင်းစပ်ပါဝင်နေသည်။ ထို့ကြောင့် စားရေရိက္ခာဖူလုံရေးသည် လူတစ်ဦးချင်း၏ နေ့စဉ်ဘဝအတွက်သာမက နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် အမျိုးသားလုံခြုံရေးတို့အတွက်ပါ အရေးကြီးသော အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်သည်။

အထူးသဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာဒေသတစ်ခုဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးသည် လူဦးရေထူထပ်မှု၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးလုပ်ငန်းများ စုစည်းတည်ရှိမှုတို့ကြောင့် စားရေရိက္ခာလိုအပ်ချက်မှာ ကြီးမားလှသည်။ နေ့စဉ်စားသုံးရန် အသား၊ ဥ၊ နို့နှင့် အခြားအာဟာရပြည့်ဝသော စားရေရိက္ခာများကို ဒေသတွင်းဖူလုံအောင် ဖြည့်ဆည်းပေးနိုင်ရန် ထုတ်လုပ်မှုအခြေခံကိုလည်း ခိုင်မာအောင် တည်ဆောက်ထားရမည်ဖြစ်သည်။

ထိုအခြေအနေတွင် "စားရေရိက္ခာကို ဘယ်ကရမလဲ" ဟူသော မေးခွန်းထက် "စားရေရိက္ခာကို မိမိတို့ဒေသအတွင်း မည်သို့ပိုမိုထုတ်လုပ်ကြမည်နည်း" ဟူသော မေးခွန်းကို ပိုမိုအလေးထား စဉ်းစားသင့်ပြီဖြစ်သည်။ ထိုမေးခွန်း၏အဖြေများအနက် အရေးပါသော အဖြေတစ်ရပ်မှာ မွေးမြူရေးလုပ်ငန်းပင်ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း စနစ်တကျဖော်ဆောင်ထားသည့် မွေးမြူရေးဇုန်များကို ထိရောက်စွာအသုံးချ၍ အသား၊ နို့၊ ဥ စသည့်အာဟာရစားရေရိက္ခာများကို ပိုမိုထုတ်လုပ်နိုင်ရေးသည် ယနေ့အချိန်တွင် အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်လာသည်။ "စားနပ်ရိက္ခာဖူလုံဖို့ မွေးမြူရေးဆောင်ရွက်စို့" ဟူသော ဆောင်ပုဒ်သည် စကားလုံးများသာမဟုတ်တော့ဘဲ ရန်ကုန်တိုင်းဒေသကြီး၏ မြေပြင်ပေါ်တွင် လက်တွေ့အကောင်အထည်ဖော်ရမည့် ရည်မှန်းချက်တစ်ရပ် ဖြစ်လာသည်။





ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မွေးမြူရေးဇုန်များတွင် တိရစ္ဆာန်မွေးမြူထားရှိမှုကို တွေ့ရစဉ်။

## ရန်ကုန်၏ စားရေရိက္ခာအတွက် မွေးမြူရေးဇုန်များ

ရန်ကုန်မြို့ပြဒေသသည် စားသုံးသူများပြားသည့်အတွက် စားရေရိက္ခာလိုအပ်ချက်လည်း ကြီးမားသည်။ ထိုလိုအပ်ချက်ကို အခြားဒေသများမှသာ အမြဲတမ်း သယ်ယူဖြည့်ဆည်းနေမည်ဆိုပါက သယ်ယူပို့ဆောင်ရေးစရိတ် မြင့်တက်ခြင်း၊ ထုတ်ကုန်များ ပျက်စီးဆုံးရှုံးခြင်းနှင့် ဈေးနှုန်းမတည်ငြိမ်ခြင်းတို့ကို ရင်ဆိုင်ရနိုင်သည်။ ထို့ကြောင့် စားသုံးသူဈေးကွက်နှင့် နီးကပ်သော ရန်ကုန်တိုင်းဒေသကြီးအတွင်း မွေးမြူရေးထုတ်လုပ်မှုကို မြှင့်တင်ခြင်းသည် စားရေရိက္ခာဖူလုံရေးအတွက် အရေးပါသည်။ ယင်းရည်ရွယ်ချက်ဖြင့် ညောင်နှစ်ပင်၊ တွံတေး၊ တိုက်ကြီးနှင့် ကော့မှူးတို့တွင် မွေးမြူရေးဇုန်များကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် ဖော်ဆောင်ထားခြင်းသည် ရန်ကုန်တိုင်းဒေသကြီး၏ စားရေရိက္ခာထုတ်လုပ်ရေးအတွက် အားထားရမည့် အခြေခံအုတ်မြစ်များပင် ဖြစ်သည်။

### ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန် — အစပြုရာအုတ်မြစ်

ရန်ကုန်တိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးလာစေရန် အရေးပါသော နေရာတစ်ခုမှာ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်ဖြစ်သည်။ ညောင်နှစ်ပင်ဇုန် (၁) သည် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအုပ်စုတွင် တည်ရှိပြီး ဇုန် (၂) နှင့် ဇုန် (၃) တို့သည် လှည်းကူးမြို့နယ်အတွင်း တည်ရှိသည်။ ဇုန်သုံးခု၏ စုစုပေါင်းဧရိယာမှာ ၁၀၀၆၂ ဧကရှိပြီး မွေးမြူရေးဧရိယာမှာ ၁၅၀၁ ဧကရှိသည်။ မွေးမြူရေးကွက်များ ဖော်ဆောင်ထားပြီး ကြက်၊ ဝက်၊ နွား၊ ဆိတ်၊ ဘဲ၊ ငုံး စသည့်တိရစ္ဆာန်အမျိုးမျိုးကို မွေးမြူထားရှိကာ ရန်ကုန်မြို့၏ စားသုံးသူများအတွက် အသား၊ ဥနှင့် အခြားစားရေရိက္ခာများ ထုတ်လုပ်ပေးလျက်ရှိသည်။ ဇုန်တစ်ခု၏ အင်အားသည် မြေဧရိယာအကျယ်အဝန်းဖြင့်သာ မဆုံးဖြတ်နိုင်ပေ။ ထိုမြေပေါ်တွင် တိရစ္ဆာန်များကို မည်မျှကျန်းမာစွာ မွေးမြူနိုင်သနည်း၊ ထုတ်လုပ်မှုကို မည်မျှထိရောက်အောင် ဆောင်ရွက်နိုင်သနည်း၊ ရောဂါအန္တရာယ်ကို မည်မျှကောင်းမွန်စွာ ထိန်းချုပ်နိုင်သနည်းဆိုသည်က ပို၍အရေးကြီးသည်။ ထိုနေရာတွင် မွေးမြူရေးနှင့် ကုသရေးဝန်ဆောင်မှုများ၏ အခန်းကဏ္ဍသည်လည်း အရေးပါလာသည်။

### တွံတေးမွေးမြူရေးဇုန် — မြို့ပြနှင့် ကျေးလက်ကို ချိတ်ဆက်ပေးသော လက်တံ

၂၀၂၃ ခုနှစ် ဇွန်လ ၂၅ ရက်မှစတင်၍ တွံတေးခရိုင်၊ တွံတေးမြို့နယ်အတွင်း မွေးမြူရေးဇုန်ကို အပိုင်းသုံးပိုင်းဖြင့် အကောင်အထည်ဖော်ခဲ့သည်။ ဇုန်သုံးပိုင်း၏ စုစုပေါင်းဧရိယာမှာ ၅၈၁ ဒသမ ၅၄ ဧကရှိပြီး မွေးမြူရေးလုပ်ငန်းရှင် ၉၉ ဦး ပါဝင်ဆောင်ရွက်လျက်ရှိသည်။ နွား၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ၊ ငုံးတို့ကို မွေးမြူထားရှိခြင်းသည် ထုတ်ကုန်အမျိုးအစားစုံလင်စွာထုတ်လုပ်နိုင်မည့် အခြေခံကောင်းတစ်ရပ်ဖြစ်သည်။

### တိုက်ကြီးမွေးမြူရေးဇုန်— အနာဂတ်၏ မွေးမြူရေးအင်အား

တိုက်ကြီးမွေးမြူရေးဇုန်သည် ရန်ကုန်တိုင်းဒေသကြီး၏ အရေးပါသော မွေးမြူရေးဇုန်တစ်ခုဖြစ်သည်။ တိုက်ကြီးမြို့မှ ရှစ်မိုင်ခန့်အကွာတွင် တည်ရှိပြီး ဧက ၂၀၀၀ နီးပါး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃ ရက်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး နွား၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ၊ ငုံးနှင့် နို့စားနွား စသည့် တိရစ္ဆာန်များကို မွေးမြူထားရှိကြောင်း တွေ့ရသည်။ ဧရိယာအကျယ်အဝန်းနှင့် ထုတ်လုပ်နိုင်မည့် အလားအလာအရ တိုက်ကြီးမွေးမြူရေးဇုန်သည် ရန်ကုန်တိုင်းဒေသကြီး၏ စားရေရိက္ခာထုတ်လုပ်ရေးတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာနိုင်သည်။ ထိုအလားအလာကို အမှန်တကယ် ထုတ်လုပ်မှုအဖြစ် ပြောင်းလဲနိုင်ရန် အခြေခံအဆောက်အအုံ၊ နည်းပညာ၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ဇီဝလုံခြုံရေးတို့ကို တစ်ပြိုင်နက်တည်း အားကောင်းအောင် ဆောင်ရွက်ရန် လိုအပ်သည်။

### ကော့မှူးမွေးမြူရေးဇုန် —အသစ်သောအခွင့်အလမ်း

၂၀၂၄ ခုနှစ် ဇွန်လမှစတင်၍ တွံတေးခရိုင် ကော့မှူးမြို့နယ် ဆူးကလပ်ရော်ဘာခြံအနီးရှိ မြေဧရိယာ ၁၂၄၁ ဧကကို မွေးမြူရေးဇုန်အဖြစ် ဆောင်ရွက်ခဲ့ပြီး အပိုင်း (၁) မှ အပိုင်း (၅) အထိ ခွဲခြားဖော်ဆောင်ခဲ့သည်။ ဇုန်အပိုင်းငါးပိုင်း၏ စုစုပေါင်းဧရိယာမှာ ၁၂၄၁ ဧကရှိပြီး မွေးမြူရေးလုပ်ငန်းရှင် ၂၁၇ ဦး ပါဝင်ကာ နွား၊ ကြက်၊ ဝက်၊ ဆိတ်၊ ဘဲ၊ ငုံး စသည့် တိရစ္ဆာန်များကို မွေးမြူထားရှိသည်။ အသစ်ဖော်ဆောင်သည့် ဇုန်ဖြစ်သည့်အတွက် အစကတည်းက ခေတ်မီစီမံခန့်ခွဲမှုစနစ်များကို ထည့်သွင်းနိုင်မည့် အခွင့်အရေးရှိသည်။ မွေးမြူရေးခြံများ၏ အကွာအဝေး၊ ရေစီးဆင်းမှု၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု၊ တိရစ္ဆာန်ကျန်းမာရေး၊ ဇီဝလုံခြုံရေးနှင့် ထုတ်ကုန်သယ်ယူပို့ဆောင်ရေးတို့ကို တစုတစည်းတည်း စီမံနိုင်ပါက ကော့မှူးမွေးမြူရေးဇုန်သည် အနာဂတ်တွင် စံပြမွေးမြူရေးဇုန်တစ်ခု ဖြစ်လာနိုင်သည်။

## မွေးမြူရေးတိုးတက်ရေး၏ အဓိကသော့ချက် တိရစ္ဆာန်အစာ

တိရစ္ဆာန်မွေးမြူရေးတွင် "အစာကောင်းလျှင် တိရစ္ဆာန်ကောင်း၊ တိရစ္ဆာန်ကောင်းလျှင် ထုတ်လုပ်မှုကောင်း" ဟူသည့် အခြေခံသဘောတရားကို မမေ့သင့်ပေ။ အစာကုန်ကျစရိတ် မြင့်တက်ပါက မွေးမြူရေးလုပ်ငန်းရှင်၏ ထုတ်လုပ်မှုကုန်ကျစရိတ်လည်း မြင့်တက်လာမည်။ ထိုကုန်ကျစရိတ်သည် နောက်ဆုံးတွင် စားသုံးသူများ ဝယ်ယူစားသုံးရသည့် ဈေးနှုန်းအပေါ် သက်ရောက်လာနိုင်သည်။ ထို့ကြောင့် ဒေသတွင်းရရှိနိုင်သည့် စိုက်ပျိုးရေးထွက်ကုန်များနှင့် အစာကုန်ကြမ်းများကို ထိရောက်စွာအသုံးချ၍ အရည်အသွေးကောင်းမွန်ပြီး ကုန်ကျစရိတ်သင့်တင့်သည့် တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်ရေးကို အလေးထားရမည်။ စိုက်ပျိုးရေးမှ ရရှိသည့်ကုန်ကြမ်းကို မွေးမြူရေးအစာအဖြစ် အသုံးပြုပြီး မွေးမြူရေးမှ ရရှိသည့် အညစ်အကြေးကို စိုက်ပျိုးရေးမြေဩဇာအဖြစ် ပြန်လည်အသုံးချနိုင်လျှင် စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် တစ်ခုကိုတစ်ခုအားဖြည့်ပေးသည့် စက်ဝိုင်းတစ်ခု ဖြစ်လာမည်။





ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မွေးမြူရေးဇုန်များတွင် တိရစ္ဆာန်မွေးမြူထားရှိမှုကို တွေ့ရစဉ်။

**စာမျက်နှာ ၁၅ သို့**

❒ စာမျက်နှာ ၁၄ မှ
ထိုစက်ဝိုင်းကိုတည်ဆောက်နိုင်ခြင်းသည် စားရေရိက္ခာဖူလုံရေးအတွက် အလွန်တန်ဖိုးရှိသည်။

**မျိုးကောင်းမျိုးသန့်**

တိရစ္ဆာန်အရေအတွက် များပြားလာခြင်းသည် ထုတ်လုပ်မှုတိုးတက်ခြင်းနှင့် တစ်ထပ်တည်း မဟုတ်ပေ။ တိရစ္ဆာန်တစ်ကောင်သည် အစာများစွာ စားသော်လည်း အသားထွက်နှုန်းနည်းလျှင် စီးပွားရေးအရ ထိရောက်မှုမရှိနိုင်ပေ။ ကြက်အရေအတွက် များပြားသော်လည်း ဥထွက်နှုန်းနည်းပါက စားရေရိက္ခာဖူလုံရေးအပေါ် အကျိုးသက်ရောက်မှု နည်းမည်ဖြစ်သည်။ ထို့ကြောင့် ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များကို ရွေးချယ်မွေးမြူခြင်း၊ မျိုးမြှင့်တင်ခြင်းနှင့် တိရစ္ဆာန်များ၏ မျိုးရိုးဗီဇဆိုင်ရာ အရည်အသွေးမြှင့်တင်ခြင်းတို့ကို အလေးထားရမည်။ တိရစ္ဆာန်တစ်ကောင်ချင်းစီ၏ ထုတ်လုပ်နိုင်စွမ်း မြင့်တက်လာခြင်းသည် အစာ၊ ရေ၊ မြေယာနှင့် လုပ်သားအင်အားတို့ကို ပိုမိုထိရောက်စွာ အသုံးချနိုင်စေမည်ဖြစ်သည်။

**ဇီဝလုံခြုံရေး**

မွေးမြူရေးဇုန်များတွင် တိရစ္ဆာန်များ စုစည်းမွေးမြူထားခြင်းကြောင့် ရောဂါများ ကူးစက်ပျံ့နှံ့နိုင်သည့် အန္တရာယ်လည်း ရှိသည်။ လူများ၊ ယာဉ်များ၊ အစာများနှင့် တိရစ္ဆာန်များ၏ ရွှေ့ပြောင်းမှုမှတစ်ဆင့် ရောဂါပိုးများ ခြံတစ်ခြံမှတစ်ခြံသို့ ပျံ့နှံ့နိုင်သည်။ ထို့ကြောင့် မွေးမြူရေးဇုန်တိုင်းတွင် ဇီဝလုံခြုံရေးကို မဖြစ်မနေ အလေးထားရမည်။ ခြံဝင်ပေါက်များတွင် သန့်ရှင်းပိုးသတ်ရေးစနစ်ထားရှိခြင်း၊ ရောဂါဖြစ်သည့် သို့မဟုတ် သံသယရှိသည့် တိရစ္ဆာန်များကို သီးခြားထားရှိခြင်း၊ တိရစ္ဆာန်အသစ်များကို ချက်ချင်းရောနှောမထားဘဲ စောင့်ကြည့်ခြင်းနှင့် တိရစ္ဆာန်ဆေးကုသရေးဝန်ဆောင်မှုကို ပုံမှန်ရယူခြင်းတို့သည် မရှိမဖြစ်လိုအပ်သည်။

ဤနေရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ကွင်းဆင်းဆောင်ရွက်မှုသည် အရေးပါသည်။ ရောဂါဖြစ်ပွားမှုကို စောစီးစွာသိရှိနိုင်ရေး၊ လိုအပ်သည့် ကျန်းမာရေးဝန်ဆောင်မှု ပေးနိုင်ရေးနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အသိပညာများကို မွေးမြူရေးလုပ်ငန်းရှင်များထံ လက်တွေ့ကျကျ ဖြန့်ဝေပေးနိုင်ရေးတို့သည် စားရေရိက္ခာထုတ်လုပ်မှုကို မပြတ်တောက်စေရန် အခြေခံကျသော လုပ်ငန်းများဖြစ်သည်။

**နည်းပညာနှင့် မွေးမြူရေး**

ယနေ့ခေတ်တွင် "မွေးမြူရေး" ဆိုသည်မှာ

> ❝တိရစ္ဆာန်အရေအတွက် များပြားလာခြင်းသည် ထုတ်လုပ်မှုတိုးတက်ခြင်းနှင့် တစ်ထပ်တည်းမဟုတ်ပေ။ တိရစ္ဆာန်တစ်ကောင်သည် အစာများစွာ စားသော်လည်း အသားထွက်နှုန်းနည်းလျှင် စီးပွားရေးအရ ထိရောက်မှုမရှိနိုင်ပေ။ ကြက်အရေအတွက် များပြားသော်လည်း ဥထွက်နှုန်းနည်းပါက စားရေရိက္ခာဖူလုံရေးအပေါ် အကျိုးသက်ရောက်မှုနည်းမည်ဖြစ်သည်။ ထို့ကြောင့် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များကို ရွေးချယ်မွေးမြူခြင်း၊ မျိုးမြှင့်တင်ခြင်းနှင့် တိရစ္ဆာန်များ၏ မျိုးရိုးဗီဇဆိုင်ရာ အရည်အသွေးမြှင့်တင်ခြင်းတို့ကို အလေးထားရမည်။ တိရစ္ဆာန်တစ်ကောင်ချင်းစီ၏ ထုတ်လုပ်နိုင်စွမ်း မြင့်တက်လာခြင်းသည် အစာ၊ ရေ၊ မြေယာနှင့် လုပ်သားအင်အားတို့ကို ပိုမိုထိရောက်စွာ အသုံးချနိုင်စေမည်❞

တိရစ္ဆာန်များကို အစာကျွေးပြီး ကြည့်ရှုစောင့်ရှောက်ရုံမျှ မဟုတ်တော့ပေ။ တိရစ္ဆာန်တစ်ကောင်ချင်းစီ၏ ကိုယ်အလေးချိန်၊ အစာစားသုံးမှု၊ နို့ထွက်နှုန်း၊ ဥထွက်နှုန်း၊ ရောဂါဖြစ်ပွားမှုနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်တို့ကို မှတ်တမ်းတင်၍ ခွဲခြမ်းစိတ်ဖြာရန် လိုအပ်လာသည်။ အပူချိန်ထိန်းချုပ်မှု၊ လေဝင်လေထွက်၊ အစာကျွေးစနစ်၊ ရေဖြန့်ဖြူးမှုနှင့် အညစ်အကြေးစီမံခန့်ခွဲမှုတို့တွင် ခေတ်မီနည်းပညာများ အသုံးပြုနိုင်ပါက ထုတ်လုပ်မှုထိရောက်မှုကို မြှင့်တင်နိုင်မည် ဖြစ်သည်။ သို့သော် နည်းပညာသည် မွေးမြူရေးသမား၏ လက်တွေ့အတွေ့အကြုံနှင့် ပေါင်းစပ်နိုင်မှသာ အကျိုးရှိမည်ဖြစ်သည်။ ထိုပေါင်းစပ်မှုကို အကောင်အထည်ဖော်ပေးနိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ကဲ့သို့သော သက်ဆိုင်ရာဌာနများ၏ နည်းပညာပံ့ပိုးမှုနှင့် ကွင်းဆင်းလမ်းညွှန်မှုများသည် အရေးပါသည်။

**မြေပြင်မှ စတင်သည့်**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏**
**အခန်းကဏ္ဍ**

မွေးမြူရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အဆောက်အအုံများ တည်ဆောက်ပေးရုံဖြင့် မပြီးဆုံးနိုင်ပေ။ တိရစ္ဆာန်များ ကျန်းမာရေးကောင်းမွန်မှသာ ထုတ်လုပ်မှုကောင်းမွန်မည်ဖြစ်ပြီး ထုတ်လုပ်မှုကောင်းမွန်မှသာ စားရေရိက္ခာဖူလုံရေးအတွက် အမှန်တကယ်အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ထို့အတွက် ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် မွေးမြူရေးဇုန်များအတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တိရစ္ဆာန်ကျန်းမာရေးကောင်းမွန်စေရန် မြေပြင်ကွင်းဆင်းဆောင်ရွက်မှုများကို အလေးထား ဆောင်ရွက်လျက်ရှိသည်။ မွေးမြူရေးခြံများအတွင်း တိရစ္ဆာန်ကျန်းမာရေး အခြေအနေများကို စောင့်ကြည့်စစ်ဆေးခြင်း၊ ရောဂါဖြစ်ပွားမှုနှင့် ရောဂါအန္တရာယ်များကို စောစီးစွာသိရှိနိုင်ရေး ဆောင်ရွက်ခြင်း၊ လိုအပ်သည့် တိရစ္ဆာန်ဆေးကုသရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ပေးအပ်ခြင်းတို့အပြင် ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ဇီဝလုံခြုံရေးဆိုင်ရာ အသိပညာများကို မွေးမြူရေးလုပ်ငန်းရှင်များထံ လက်တွေ့ကျကျ ဖြန့်ဝေပေးလျက်ရှိသည်။ ထို့အပြင် ခေတ်မီမွေးမြူရေးနည်းစနစ်များ အသုံးချနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များကို စနစ်တကျ အသုံးပြုနိုင်ရေး၊ အစာအာဟာရစီမံခန့်ခွဲမှု ကောင်းမွန်ရေးနှင့် တိရစ္ဆာန်ကျန်းမာရေးကို အလေးထားဆောင်ရွက်နိုင်ရေးတို့အတွက် လိုအပ်သည့် နည်းပညာနှင့် လမ်းညွှန်မှုများကို ကွင်းဆင်းပေးလျက်ရှိသည်။

ဤသို့ မွေးမြူရေးသမားများနှင့် တစ်သားတည်း မြေပြင်တွင် လက်တွဲဆောင်ရွက်ခြင်းသည် မွေးမြူရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို အချိန်မီသိရှိနိုင်စေပြီး လက်တွေ့လိုအပ်ချက်နှင့်ကိုက်ညီသော ဖြေရှင်းမှုများကို ဖော်ဆောင်ပေးနိုင်စေသည်။ ထို့ကြောင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ လုပ်ငန်းသည် "ကုသပေးခြင်း" တစ်ခုတည်းမဟုတ်ပေ။ ကာကွယ်ခြင်း၊ စောင့်ကြည့်ခြင်း၊ စစ်ဆေးခြင်း၊ နည်းပညာပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းရှင်များနှင့် လက်တွဲဆောင်ရွက်ခြင်းတို့ကို ပေါင်းစပ်ထားသည့် စားရေရိက္ခာထုတ်လုပ်ရေး၏ အခြေခံဝန်ဆောင်မှုတစ်ရပ်ဖြစ်သည်။

ညနေခင်းနေ အနောက်ဘက်သို့ ဝင်ရောက်သွားချိန်တွင်ပင် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ကူညီပံ့ပိုးမှုတို့ဖြင့်ဆောင်ရွက်လျက်ရှိသော မွေးမြူရေးသမားများ၏လက်များ မနားနိုင်သေးပေ။ ကြက်ခြံကို စောင့်ကြည့်၊ နွားများကို အစာကျွေး၊ ရေတိုက်ကာ နောက်တစ်နေ့အတွက် ပြင်ဆင်နေကြဆဲဖြစ်သည်။ ထိုလက်များသည် သာမန်လက်များမဟုတ်။ ပြည်သူတို့၏ စားပွဲပေါ်သို့ အသား၊ ဥနှင့် နို့များ ရောက်ရှိလာစေမည့် လက်များပင်ဖြစ်သည်။

စားရေရိက္ခာဖူလုံရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရက ဖော်ဆောင်ပေးသော ညောင်နှစ်ပင်၊ တွံတေး၊ တိုက်ကြီးနှင့် ကော့မှူး မွေးမြူရေးဇုန်များသည် ထုတ်လုပ်မှုအင်အားအဖြစ် ပြောင်းလဲပေးနိုင်မည့် အရေးပါသောအခြေခံများဖြစ်သည်။ မွေးမြူရေးဇုန်များဖော်ဆောင်၍ ကျန်းမာသန်စွမ်းသော တိရစ္ဆာန်များ၊ အရည်အသွေးကောင်းမွန်ပြီး ဘေးကင်းလုံခြုံသော ထုတ်ကုန်များနှင့် ရောဂါကင်းစင်၍ သန့်ရှင်းကောင်းမွန်သော မွေးမြူရေးပတ်ဝန်းကျင်တို့ ပြည့်စုံစွာရှိမှသာ စားရေရိက္ခာဖူလုံရေးအတွက် အမှန်တကယ် အကျိုးပြုနိုင်မည်ဖြစ်သည်။

မွေးမြူရေးသမား၏ ကြိုးစားအားထုတ်မှု၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ နည်းပညာနှင့် ဝန်ဆောင်မှု၊ လုပ်ငန်းရှင်များ၏ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သူအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုတို့ ပေါင်းစည်းနိုင်မှသာ ဇုန်တစ်ခုသည် ထုတ်လုပ်ရေးအင်အားတစ်ရပ်အဖြစ် အမှန်တကယ်ရပ်တည်နိုင်မည်ဖြစ်သည်။

ယနေ့ မွေးမြူထားသော တိရစ္ဆာန်တစ်ကောင်သည် မနက်ဖြန်တွင် မိသားစုတစ်စု၏ စားပွဲပေါ်ရှိ ဥတစ်လုံး၊ နို့တစ်ခွက်၊ အသားတစ်ပန်းကန်အဖြစ် ပြောင်းလဲရောက်ရှိလာနိုင်သည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများနှင့် ပံ့ပိုးကူညီမှုများဖြင့် ထိုအစားအစာတစ်နပ်ချင်းစီသည် ရန်ကုန်တိုင်းဒေသကြီး၏ စားရေရိက္ခာဖူလုံရေးကို တစ်ဆင့်ချင်းစီ ပိုမိုခိုင်မာစေမည်ဖြစ်သည်။

ထို့ကြောင့် စားရေရိက္ခာဖူလုံမှ ပြည်သူတို့၏ အနာဂတ်ခိုင်မာမည်ဖြစ်ပြီး

"ရန်ကုန်တိုင်းဒေသကြီး ဇုန်များအတွင်း စားနပ်ရိက္ခာဖူလုံဖို့ — မွေးမြူရေးဆောင်ရွက်စို့။"

## အုတ်ဖိုမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**အုတ်ဖို စက်တင်ဘာ ၇**

ဥပဒေရေးရာဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ ကြီးကြပ်မှုတို့ဖြင့် အုတ်ဖိုမြို့နယ်ဥပဒေရုံးနှင့် ရပ်ကွက် /ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း (၁/၂၀၂၆) ကို အေးမြသာယာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

သင်တန်းတွင် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) သင်တန်းဆင်းသည့် သရက်တပင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက သင်တန်းသား သင်တန်းသူ ၅၃ ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်းအရာတို့ကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**အောင်သူ(အုတ်ဖို)**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးတွင် သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ ခေတ္တတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းထွန်း ဦးဆောင်၍ တပ်ဖွဲ့ဝင်/ စာရေးဝန်ထမ်းများနှင့် မိသားစုဝင်များ စက်တင်ဘာ ၅ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ အောင်ကို(ပုဗ္ဗသီရိ)

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လေကြောင်းရဲတပ်ဖွဲ့၊ လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ (ရန်ကုန်) နှင့် လေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၆ ရက်က အင်းစိန်မြို့နယ်ရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ရဲဇော်(မင်္ဂလာဒုံ)





(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ကြည်နှင့် တပ်ဖွဲ့ဝင်များက မဟာစန္ဒာသီဟဘုရားကြီးတွင် စုပေါင်းသန့်ရှင်းရေး ပြည်သူ့အကျိုးပြုလုပ်ငန်းကို စက်တင်ဘာ ၆ ရက်က ဆောင်ရွက်စဉ်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသား(၄)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၇**

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီး ဌာနပေါင်းစုံပိုက်ကျော်ခြင်း (အမျိုးသား) ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည် တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ (A) ၌ ကျင်းပသည်။



ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော် ခြင်းအမျိုးသားလေးယောက်တွဲ အဖွဲ့လိုက် ပြိုင်ပွဲ အုပ်စုပတ်လည်နောက်ဆုံးပွဲစဉ် များအဖြစ် ပညာရေးဝန်ကြီးဌာနအသင်း က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအသင်းကို နှစ်ပွဲ– တစ်ပွဲဖြင့် လည်းကောင်း၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန အသင်းက ကျန်းမာရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန အသင်းက အားကစားရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဆောက်လုပ် ရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အသင်းက လူငယ်ရေးရာဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း က ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲ –တစ်ပွဲဖြင့်လည်းကောင်း၊ သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အသင်းကို နှစ်ပွဲ– တစ်ပွဲဖြင့်လည်းကောင်း၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနအသင်းက အလုပ်သမား ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီး ဌာနအသင်းက တိုင်းရင်းသား လူမျိုးများ ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ် ဖြင့်လည်းကောင်း။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်း က သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းက စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ် စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ– တစ်ပွဲဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့ အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာန အသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ သာသနာ ရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနအသင်းက ဥပဒေရေးရာဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း က လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းက ပြန်ကြားရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနအသင်းက အမျိုးသား စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အသင်း ကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တိုင်းရင်း သား လူမျိုးများရေးရာဝန်ကြီးဌာနအသင်း က အလုပ်သမားဝန်ကြီးဌာနအသင်းကို နှစ်ပွဲ – တစ်ပွဲဖြင့်လည်းကောင်း၊ နယ်စပ် ရေးရာဝန်ကြီးဌာနအသင်းက ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သိပ္ပံ နှင့် နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ် ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီမှ စတင်၍ ပိုက်ကျော်ခြင်း အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက် ပြိုင်ပွဲ ပထမအဆင့် ရှုံးထွက်ပွဲစဉ်များ အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန အသင်း၊ သာသနာရေးဝန်ကြီးဌာန အသင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းနှင့် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်း၊ သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန အသင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းနှင့် အားကစားရေးရာ ဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ပြီး ပထမအဆင့် ရှုံးထွက်ပွဲစဉ်များအပြီးတွင် ကွာတား ဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ပြီး အားကစား ဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

# သတင်းအချက်အလက်စစ်ပွဲ ( ၂၁ ရာစု၏ မမြင်ရသော စစ်မြေပြင် )စာအုပ်ထွက်ပြီ

သတင်းအချက်အလက်များကိုအကြောင်းပြု၍ နိုင်ငံအချင်းချင်း၊ လူ့အဖွဲ့အစည်းအချင်းချင်း ဆင်နွှဲနေကြသည့် ( မျက်စိဖြင့် မမြင်တွေ့ရသော ) စစ်ပွဲများအကြောင်းကို ရှုထောင့်ပေါင်းစုံမှ သုံးသပ်တင်ပြထားသည့် "သတင်းအချက်အလက်စစ်ပွဲ (၂၁ ရာစု၏ မမြင်ရသော စစ်မြေပြင် ) စာအုပ်ကို ဆရာအေးကြွယ်က ၂၀၂၆ ခုနှစ် ဩဂုတ်လတွင် ရေးသားထုတ်ဝေခဲ့သည်။

အဆိုပါစာအုပ်တွင် သတင်းအချက်အလက်စစ်ပွဲ (Information Warfare) သည် လူတို့၏ခန္ဓာကိုယ်ကို ထိခိုက်အောင် တိုက်ခိုက်ခြင်းမျိုး မဟုတ်ဘဲ လူတို့၏စိတ်ပိုင်းဆိုင်ရာများ ထိခိုက်အောင် တိုက်ခိုက်သည့် စစ်ပွဲ၊ တစ်ဖက်သူတို့၏ပိုင်နက် နယ်မြေကို သိမ်းပိုက်ရန်မဟုတ်ဘဲ လူတို့၏ အတွေးအမြင်၊ ယုံကြည်ချက်၊ ဆုံးဖြတ်ချက်နှင့် အပြုအမူများကို ပြောင်းလဲစေရန် ရည်ရွယ်ဆောင်ရွက်ကြသည့် စစ်ပွဲများဖြစ်သည်ဟု ရေးသားထားသည်။

ထို့ပြင်၂၁ ရာစု၏ သတင်းအချက်အလက်စစ်ပွဲတွင် လက်နက် အသစ်များစွာ ပေါ်ပေါက်လာသည်ကိုတွေ့ရပြီး လူမှုကွန်ရက်များ၊ AI နှင့် Deepfake ဗီဒီယိုများ၊ Bot Account များ၊ Troll Farm များ၊ Algorithm များနှင့် Big Data တို့သည် လက်နက်အသစ်များ ဖြစ်လာကြခြင်း၊ ယင်းလက်နက် သစ်များဖြင့် လူထုကို ကြောက်ရွံ့ စေခြင်း၊ ဈေးကွက်ပျက်စေခြင်း တို့ကို ဆောင်ရွက်နိုင်ပြီး အမှန်ကို အမှားနှင့်ရောနှောကာ မည်သည် က အမှန်၊ မည်သည်က အမှားဟု မခွဲခြားနိုင်အောင် ဖန်တီး




ဆောင်ရွက်ခြင်းများသည် သတင်းအချက်အလက်စစ်ပွဲ၏ အဓိက နည်းဗျူဟာများအကြောင်း။

သတင်းအချက်အလက်စစ်ပွဲ၏ အန္တရာယ်သည် အဆောက်အအုံ များကို ဖျက်ဆီးခြင်းထက် လူ့အဖွဲ့အစည်း၏ ယုံကြည်မှု (Trust) ကို ဖျက်ဆီးခြင်းဖြစ်သည်။ အချင်းချင်းကိုပင် သံသယဝင်လာကြပြီး လူ့အဖွဲ့ အစည်းများတွင် ဆုံးဖြတ်ချက်မှန်များ ချမှတ်နိုင်စွမ်း လျော့နည်းလာကာ နိုင်ငံ၏ စီးပွားရေး၊ လုံခြုံရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးတို့ ကိုပါ ထိခိုက်လာနိုင်သည့်အကြောင်း။

မြန်မာနိုင်ငံအတွက် သတင်းအချက်အလက်စစ်ပွဲသည် အနာဂတ် ၏ ပြဿနာမဟုတ်တော့ဘဲ ယနေ့ကြုံတွေ့နေရသော အမှန်တကယ် စိန်ခေါ်မှုဖြစ်သည်။ ထို့ကြောင့် သတင်းအချက်အလက် နည်းပညာ စွမ်းရည်များ တိုးတက်အောင် ဆောင်ရွက်ရုံသာမက ပြည်သူများ၏ Media Literacy နှင့် Digital Literacy ကို မြှင့်တင်ရန်လိုအပ်ကြောင်း၊ အချက်အလက်များကို စစ်ဆေးသုံးသပ်နိုင်သော Critical Thinking ကို ပညာရေးစနစ်တွင် ထည့်သွင်းသင်ကြားရမည်ဖြစ်ပြီး AI ခေတ်တွင် Deepfake၊ Fake News နှင့် Disinformation များကို ဖော်ထုတ် နိုင်သည့် နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များကိုလည်း ကြိုတင် တည်ဆောက်ထားရန် လိုအပ်ကြောင်းကိုလည်း ရေးသားထား သည်။

ဤစာအုပ်ကို ဒီဂျစ်တယ်စစ်မြေပြင်တွင် ခဲစာခံအဖြစ် အရှုံး မပေးလိုသူတိုင်း၊ မိမိတို့၏ အသိဉာဏ်နှင့် စိတ်ဝိညာဉ်ကို လွတ်လပ်စွာ ထိန်းချုပ်လိုသူတိုင်း မလွဲမသွေဖတ်ရှုသင့်ပါကြောင်းနှင့် နေပြည်တော် နှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်များ၊ ရန်ကုန်မြို့ ပန်းဆိုးတန်း လမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

# ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသော သိမှတ်ဖွယ်ရာဗဟုသုတအဖြာဖြာ (၂၀၂၆) ထွက်ပြီ

**နေပြည်တော် စက်တင်ဘာ ၇**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန က စီစဉ်ထုတ်ဝေသည့် "သိမှတ်ဖွယ်ရာ ဗဟုသုတ အဖြာဖြာ(၂၀၂၆)" စာအုပ်သည် ပြည်သူများ အသိ ပညာ ဗဟုသုတပြည့်စုံစေရန်၊ ပြန်တမ်းဝင်အရာရှိ အဆင့်(စတင်ခန့်) စာမေးပွဲများနှင့် အခြားဝင်ခွင့် စာမေးပွဲများ ဖြေဆိုရာတွင် အထောက်အကူဖြစ်စေ ရန်၊ သိရှိလိုသည့် အချက်အလက်များကို တစု တစည်းတည်း ရှာဖွေလေ့လာဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ၂၀၀၈ ခုနှစ်မှစတင်ကာ နှစ်စဉ်ထုတ်ဝေ ခဲ့သောစာအုပ်ဖြစ်ပါသည်။

ယခု ၂၀၂၆ ခုနှစ်ထုတ် စာအုပ်တွင် တတိယ အကြိမ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီး ဖြစ်သည့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနများကို နောက်ဆုံးအခြေအနေနှင့်အညီ ပြင်ဆင်၍ လည်းကောင်း၊ ၂၀၂၅–၂၀၂၆ ခုနှစ်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ၊ ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ပြီးဖြစ် သည့် လွှတ်တော်ကိုယ်စားလှယ်စာရင်းများ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၊ ပြည်ထောင်စု အတိုင်ပင်ခံကောင်စီဖွဲ့စည်းခြင်း၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ခန့်အပ် ခြင်း၊ နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်၏ မိန့်ခွန်း ကောက်နုတ်ချက်များနှင့် သဝဏ်လွှာကောက်နုတ် ချက်များ၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လက်ထက်တွင် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သော ဖြစ်စဉ်များ၊ သင်္ဂါယနာတင်သမိုင်း စသည်တို့ကို အသစ်ဖြည့်စွက်၍လည်းကောင်း၊ မြန်မာ့ရေးရာ၊ နိုင်ငံတကာရေးရာများကို နောက်ဆုံးအခြေအနေနှင့် အညီ ကိုက်ညီအောင် ပြင်ဆင်တည်းဖြတ် ထုတ်ဝေ ထားရှိသည်။

ယင်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက ၂၀၂၆ခုနှစ် ဩဂုတ်လ၌ ထုတ်ဝေခဲ့ပြီး နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲ ဖုန်း ၀၆၇–၃၄၃၂၃၇၁ နှင့် စာပေဗိမာန်အရောင်းဆိုင်တို့ တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲ




အမှတ် (၂၂/၂၄) ပန်းဆိုးတန်းလမ်း (အောက်) ကျောက်တံတားမြို့နယ် ဖုန်း ၀၁–၈၃၈၄၈၁၃၊ ၀၁– ၈၃၇၁၃၄၂၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ် အရောင်းဆိုင်တို့တွင်လည်းကောင်း၊ အမြို့မြို့အနယ် နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနရုံးများတွင်လည်းကောင်း ဝယ်ယူရရှိနိုင်ပါသည်။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၇၇ ဦးနှင့် အမျိုးသမီး ၁၈ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

**နေပြည်တော် စက်တင်ဘာ ၇**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက် လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည် သဘောပေါက်လာသည့် PDF အမည်ခံ အဖွဲ့ဝင်အမျိုးသား ၁၇၇ ဦးနှင့် အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၁၉၅ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့်အတူ ပြန်လည် ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့သူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA -1 အမျိုးအစား သေနတ် သုံးလက်၊ MA -2 အမျိုးအစားသေနတ် တစ်လက်၊ M-22 အမျိုးအစား သေနတ် တစ်လက်၊ Type 81 အမျိုးအစား သေနတ် တစ်လက်၊ ၄၀ မမ လောင်ချာ အမျိုးအစား သေနတ် တစ်လက်၊ လက်လုပ်သေနတ် တစ်လက်၊ ကျည်အိမ်မျိုးစုံ ၁၂ ခု၊ ကျည်မျိုးစုံ ၄၅၉ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ ၂၅ လုံးနှင့် စကားပြောစက် တစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ခုနစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၃၅၀၊ လက်လုပ်သေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ် ငါးသိန်း၊ လက်ပစ်ဗုံး ၂၅ လုံးအတွက် ဆုကြေးငွေကျပ် ၇၅ သိန်း၊ စကားပြောစက် တစ်လုံးအတွက် ဆုကြေးငွေကျပ် နှစ်သိန်း၊ လက်နက်မပါ အလင်းဝင်ရောက်လာသူများအား တစ်ဦးလျှင် တစ်သိန်းနှုန်းဖြင့် ၁၈၄ ဦးအတွက် ဆုကြေးငွေကျပ် ၁၈၄ သိန်းတို့ကို ပေးအပ်ပြီး ခံဝန်ကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ အပ်နှံထားသော လက်နက်၊ ခဲယမ်းများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လက်ဖက်ရည်ဝိုင်းတို့ဖြင့် တည့်ခင်းဧည့်ခံခဲ့သည်။



ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများ အတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

အသက်ကတော့ ၁၈ နှစ်ပါ အဖွဲ့အစည်းကိုရောက်တော့ အသက်က ၁၄ နှစ်ပါ အဲဒီအဖွဲ့ထဲကို ရောက်သွားတဲ့ အကြောင်းရင်းကတော့ သူငယ်ချင်းတွေနဲ့ ပါသွားတာပါ။ အဲဒီရောက်တော့ သင်တန်းတွေဘာတွေ တက်ရပါတယ်၊ သင်တန်းက နှစ်လကျော်လောက်



ပြီးတော့ ထမင်းတွေလည်း နပ်မှန်အောင် မစားခဲ့ရပါဘူး။ သင်တန်းကာလမှာ ရိုက်တာတွေဘာတွေရှိပါတယ်။ သင်တန်းပြီးတော့ AA ကို ပို့ခံရပါတယ်။ အဲဒါပြီးတော့ အလုပ်တွေဘာတွေ ဝိုင်းကူလုပ်ရပါတယ်။ စိုက်ခင်းတွေ ဘာတွေလုပ်ရတယ်၊ ထမင်းတွေ ချက်ကူရတယ်၊ အဆောင်တွေ ဆောက်ကူရပါတယ်။ ပြီးတော့ ဖိနှိပ်တာတွေလည်း ရှိပါတယ်။ လူမျိုးရေး ခွဲခြားမှုတွေလည်း ရှိပါတယ်။ သူတို့ရဲ့ဖိနှိပ် အာဏာရှင်ဆန်တဲ့ စနစ်တွေကို မကြိုက်လို့ တပ်မတော်ထဲကို အလင်းဝင်လာတာဖြစ်ပါတယ်။ တပ်မတော်မှာ အလင်းဝင်တော့ နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ ဒီအခမ်းအနား ပြီးသွားရင်လည်း မိဘတွေနဲ့ တွေ့ရ



မှာဖြစ်လို့ အလွန်လည်း ဝမ်းသာပါတယ်။ တောထဲမှာကျန်ခဲ့တဲ့ ညီအစ်ကို မောင်နှမတွေလည်း အမြန်ဆုံး အမြင်မှန်ရပြီးတော့ အလင်းဝင်ရောက်ဖို့ ဖိတ်ခေါ်ပါတယ်။

မြင်းခြံ BLACK TIGER မှာ တာဝန် ထမ်းဆောင်ပါတယ်။ ဖောက်ခွဲရေး ခေါင်းဆောင်ပါ။ ဒီတော်လှန်ရေး စလုပ်ခဲ့ရတာကတော့ ၁၄ နှစ်ကနေ စလုပ်ခဲ့တာပါ၊ ပြောရရင် ၂၀၂၂ ကနေစလုပ်ခဲ့တာပါ ရောက်ရောက်ချင်းမှာ သင်တန်းဆင်းရပါတယ်။ သင်တန်းဆင်းပြီးတော့ ရှေ့တန်းတန်းသွားရပါတယ်။ ရှေ့တန်းမှာ မြင်းခြံမြောက်ဘက်မှာ မိုင်းခေါင်းဆောင် အနေနဲ့ နေခဲ့ရပါတယ်။ ပြီးတော့ တိုက်ပွဲပေါင်းစုံနဲ့ တိုက်ခဲ့ပါတယ်။ နေရာပေါင်းစုံလည်း သွားခဲ့ရပါတယ်။ နေရာပေါင်းစုံသွားခဲ့ပြီး နောက်ပိုင်းမှာ အထက်ဖားအောက်ဖိများခဲ့ ပါတယ်။ ခေါင်းဆောင် တော်တော်များများကတော့ ဆေးခြောက် WY ဆေးချကြပါတယ်။ ဒါပေမဲ့ကျွန်တော်တို့ မလုပ်ခဲ့ပါဘူး။ တော်တော်များများ အကုန်လုံးက မူးယစ်ဆေးဝါးတွေ သုံးစွဲပါတယ်။ ပြောရရင် ရဲဘော်တွေပဲ အောက်မှာနေပြီးတော့ ဘာမှမရဘဲနဲ့ လုပ်ကိုင်နေရတာပါ။ တပ်မတော်က တိုက်ခိုက်မှုလာပြီဆိုလည်း သူတို့ကားတွေ မောင်းပြီး သူတို့ခေါင်းဆောင်တွေက ပြေးပါတယ်။ ရဲဘော်တွေ သေသေကျေကျေ ထားခဲ့ပါတယ်။ သူတို့လက်နက်တွေ အကုန်လုံး ယူပြီး ပြေးပါတယ်။ ကျွန်တော် ဒီထဲကို အလင်းဝင်လာတာ သူတို့ ယုတ်မာရိုင်းစိုင်း နှိပ်စက်တာတွေကြောင့် ကျွန်တော် အလင်းဝင်လာတာဖြစ်ပါတယ်။ ကျွန်တော် ဒီလို အလင်းဝင်လာတဲ့ အချိန်မှာ တပ်မတော်က နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ သူတို့ပြောတဲ့ သတ်မယ်ဖြတ်မယ် သူတို့ဘက်ကပြောတဲ့အတိုင်းမဟုတ်ပါဘူး နောက်လာမယ့် ညီအစ်ကိုတွေကိုလည်း ညီလေးတွေ မောင်နှမတွေ အကုန်လုံးကိုလည်း အလင်းဝင်လာဖို့ ဖိတ်ခေါ်ပါတယ်။

**သတင်းစဉ်**

## ရေကြီးနစ်မြုပ်မှုဘေးဒဏ်ခံခဲ့ရသည့် ငါးမွေးမြူကန်များ ပြန်လည်မွေးမြူနိုင်ရန် လိုက်နာရမည့်အချက်များ

❖ ရေကြီးနစ်မြုပ်မှုကြောင့် ငါးမွေးမြူကန်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်ဆွေး၊ အနည်အနှစ်များ၊ ဘေးအန္တရာယ်ရှိသော အညစ်အကြေးများ၊ အဆိပ်အတောက်ဖြစ်စေနိုင်သည့်အရာများ (ပိုးသတ်ဆေးခတ်ကွင်း)၊ ရောဂါဖြစ်စေနိုင်သည့်ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားပိုးမွှားများကြောင့် အနီးဝန်းကျင်နေထိုင်သည့် လူများသည် အသုံးပြုမည့်ရေအား သေချာစွာ ကျိုချက်သန့်စင် အသုံးပြုကြပါရန်၊

❖ ရေကြီးဖုံးလွှမ်းခဲ့သည့် ငါးမွေးမြူကန်အတွင်းရှိ ငါးများအား ပြန်လည်ဖမ်းယူစစ်ဆေးခြင်း၊ ရောနှောသွားသောငါးများ အရွယ်အစားအလိုက်၊ ငါးမျိုးအလိုက်ခွဲခြားခြင်း၊ ပြင်ပမှဝင်ရောက်လာသည့် သားစားငါးများ၊ သဘာဝငါးရိုင်းများအား ဖယ်ရှားခြင်းတို့ လုပ်ဆောင်ပါရန်၊

❖ ငါးမွေးကန်များ ရေကြီးနစ်မြုပ်မှုကြောင့် ပြိုကျနိမ့်ဆင်းသွားသော ကန်ပေါင်များအား အမြန်ဆုံးပြန်လည်ဆည်ဖို့ခြင်း၊ ရေရှည်ခိုင်ခံ့မှုအားကောင်းစေရန် သေချာစွာပြုပြင်ခြင်း၊ ရေတိုက်စားမှုနှင့် မိုးများခြင်းကြောင့် ကန်ပေါင်မြေသားများ မပြိုစေရန် တုတ်များ၊ မြေထိန်းနံရံများဖြင့် ခိုင်ခံ့စွာပြုပြင်ပြီး မြေထိန်းနိုင်မည့် မြက်ပင်များစိုက်ပျိုးထားရှိရန်၊ ကန်ပေါင်ခိုင်ခံ့မှုအား ပျက်စီးစေနိုင်မည့် တိရစ္ဆာန် (ကျွဲ၊ နွား၊ ဝက်များ) မဝင်ရောက်စေနိုင်ရန် ခြံစည်းရိုး အကာအရံများ ထားရှိပါရန်၊

❖ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများရှိ အနည်အနှစ်များ၊ အမှိုက်သရိုက်များဖယ်ရှားခြင်း၊ ရေဝင်ရေထွက်ကောင်းမွန်အောင် လိုအပ်သော ရေမြောင်းအနက်၊ ရေမြောင်းအကျယ်အား သေချာစွာပြုပြင်ခြင်း၊ ငါးမွေးကန်၏ရေဝင်ပိုက်လိုင်းများနှင့် ရေထုတ်ပိုက်လိုင်းများ အမှိုက်ဖယ်ရှား၍ သေချာစွာပြန်လည်တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရန်နှင့် အနီးဝန်းကျင်ရှိ ရေသွယ်မြောင်း၊ တံတားများ၌ အမှိုက်များ ပိတ်ဆို့ခြင်းအား အမြဲပုံမှန်စစ်ဆေး၍ သေချာစွာဖယ်ရှားပါရန်၊

❖ ရေကြီးနစ်မြုပ်စဉ် ကာရံထားသောပိုက်များအား ပေါက်ပြဲဆွေးမြည့်မှု သေချာစွာစစ်ဆေး၍ တစ်နှစ်တစ်ကြိမ် အသစ်လဲလှယ်ကာရံထားရန်၊ ကာရံထားသောသဲအိတ်များအား ပြန်လည်စစ်ဆေး၍ အသစ်လဲလှယ်ရန်နှင့် ထပ်မံလိုအပ်မည့်သဲအိတ်များ အဆင်သင့် ပြင်ဆင်ထားရှိပါရန်၊

❖ ငါးမွေးကန်ပတ်ဝန်းကျင်ရှိ ချုံနွယ်သစ်ပင်ပေါင်းပင်များနှင့် ရေမြောင်းများနှင့် ကန်အတွင်းရှိ ရေပေါက်ပင်များ (ဗေဒါပင်၊ ရေမှော်ပင်၊ တက်ပြားပင်များ) ဖယ်ရှားရှင်းလင်းပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အတွင်းရှိငါးများနှင့် အသုံးပြုရေများအား ငါးရောဂါစစ်ဆေးခြင်းနှင့် ရောဂါမပြန့်ပွားရေး ငါးအသေများ သေချာစနစ်ကျစွာ ဖယ်ရှားရှင်းလင်းပါရန်၊

❖ ရေအရင်းအမြစ်ရယူသောနေရာ (မြစ်၊ ချောင်း)များနှင့် ရေစွန့်ထုတ်မည့်မြောင်းများအား အတားအဆီးဖြစ်စေနိုင်မည့်နေရာ၌ ပိတ်ဆို့စေနိုင်သောအဆောက်အအုံ၊ ကန်များ တည်ဆောက်ခြင်း မပြုလုပ်ရန်၊ ငါးမွေးကန်များအား သေချာသောမြေနေရာချထား တည်ဆောက်မှု (Layout Plan)ဖြင့် ရေဝင်ရေထွက်ကောင်းမွန်အောင်၊ လုပ်ငန်းသုံးပစ္စည်း (အစာ၊ ဆေးဝါးများစသည့်)များ လွယ်လင့်တကူသယ်ယူရွှေ့ပြောင်းနိုင်မည့် လမ်း၊ ချောင်းတို့အား ပြင်ဆင်ထားရှိပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အား မွေးမြူမည့် ငါးများအတွက် သင့်တော်သောရေအရည်အသွေးရှိစေရန် တိုင်းတာစစ်ဆေးခြင်းနှင့် ရေပြင်ခြင်း(ထုံးထည့်ခြင်း၊ ရေဩဇာထည့်ခြင်းတို့ ပြုလုပ်ပေးပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အား အမြန်ပြန်လည်မွေးမြူနိုင်ရေး သင့်တော်မည့်ငါးအရွယ်များ ထည့်သွင်းမွေးမြူနိုင်ရန် သွင်းအားစုများ (ငါးအစာ၊ ငါးသားပေါက်)များ ဖြည့်ဆည်းနိုင်မည့် အစီအမံများ ချိတ်ဆက်ဆောင်ရွက်ပါရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# နိုင်ငံတကာဖိတ်ခေါ် International Futsal Cup –2026 ပြိုင်ပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ



**နေပြည်တော်　စက်တင်ဘာ ၇**

နိုင်ငံတကာဖိတ်ခေါ် International Futsal Cup –2026 ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်းရှိ MFF ဖူဆယ် အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲဒုတိယနေ့ အုပ်စု(A)တွင် ကမ္ဘောဒီးယားကလပ် Lucky အသင်းက မြန်မာကလပ် YCDC Dream Team အသင်းကို လေးဂိုး–သုံးဂိုး၊ အင်ဒိုနီးရှားကလပ် Black Steel Papua အသင်းက မြန်မာကလပ် TG United အသင်းကို လေးဂိုး–ဂိုးမရှိ၊ အုပ်စု(B)တွင် ထိုင်းကလပ် Black Pearl အကယ်ဒမီအသင်းက မြန်မာကလပ် M2K အသင်းကို လေးဂိုး–သုံးဂိုး၊ မြန်မာကလပ် MIU အသင်းက မြန်မာကလပ် YRG အသင်းကို လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ မြန်မာကလပ် အသင်းများအနက် နိုင်ငံခြားသားနည်းပြချုပ် ခန့်အပ်ထားသလို လက်ရွေးစင်အဆင့်ကစားသမားများ၊ နိုင်ငံခြားသားကစားသမားများ ခေါ်ယူထားသည့် YRG အသင်းနှင့် YCDC Dream Team အသင်းတို့မှာ ဒုတိယနေ့တွင် မထင်မှတ်ဘဲအရေးနိမ့်ခဲ့ပြီး နောက်တစ်ဆင့်တက်ရောက်ရန် နောက်ဆုံးပွဲတွင် ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။

အုပ်စုဒုတိယနေ့အပြီးတွင် အုပ်စု(A)၌ အင်ဒိုနီးရှားကလပ် Black Steel Papua အသင်းက ခြောက်မှတ်၊ ကမ္ဘောဒီးယားကလပ် Lucky အသင်းနှင့် မြန်မာကလပ် YCDC Dream Team အသင်းက သုံးမှတ်စီ၊ မြန်မာကလပ် TG United အသင်းက အမှတ်မရသေး၊ အုပ်စု(B)၌ မြန်မာကလပ် MIU အသင်းက ခြောက်မှတ်၊ မြန်မာကလပ် YRG အသင်းနှင့် ထိုင်းကလပ် Black Pearl အကယ်ဒမီအသင်းက သုံးမှတ်စီရထားပြီး မြန်မာကလပ် M2K အသင်းမှာမူ အမှတ်မရသေးပေ။

အုပ်စုနောက်ဆုံးနေ့ကို စက်တင်ဘာ ၈ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး နံနက် ၁၀ နာရီတွင် YCDC Dream Team အသင်းနှင့် Black Steel Papua အသင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် Lucky အသင်းနှင့် TG United အသင်း၊ မွန်းလွဲ ၃ နာရီတွင် YRG အသင်းနှင့် Black Pearl အကယ်ဒမီအသင်း၊ ညနေ ၅ နာရီခွဲတွင် MIU အသင်းနှင့် M2K အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – ရှိုင်းထက်ဇော်၊ ဓာတ်ပုံ –MFF**

**❍ M–League မှ**

အား/ကာ သိပ္ပံအသင်းကို လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ရာသီအစ အဖွင့်ပွဲတွင် နိုင်ပွဲပျောက်ဆုံးထားသည့်နှစ်သင်း ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး စစ်ကိုင်းယူနိုက်တက်အသင်းက ဂိုးပြတ်နိုင်ပွဲဖြင့် ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့သည်။ စစ်ကိုင်းယူနိုက်တက်အသင်းသည် ဂိုးသွင်းခွင့်များ အသုံးချနိုင်သဖြင့် လေးဂိုးပြတ်အထိ ဦးဆောင်ကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ နည်းပြသစ်ဖြင့် ယှဉ်ပြိုင်နေသည့် အား/ကာသိပ္ပံအသင်းသည် ရာသီအစ နှစ်ပွဲဆက်တိုက် ရှုံးပွဲကြုံတွေ့ခဲ့ပြီး ရလဒ်ဆိုးများမှရုန်းထွက်နိုင်ရန် ကြိုးစားရမည်ဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားများစုဖြင့် ပွဲထွက်လာပြီး ကောင်းမြတ်သူ၊ ရာဇာအောင်၊ ထက်ဇော်ထွန်းနှင့် ကွမ်ဆာတို့၏ တိုက်စစ်တွဲလုံးမှာ ပိုထိရောက်ခဲ့သဖြင့် စစ်ကိုင်းယူနိုက်တက်အသင်း ဦးဆောင်ဂိုးများ ဆက်တိုက်ရရှိခဲ့ခြင်းဖြစ်သည်။ ၁၃ မိနစ်တွင် ရာဇာအောင်က စစ်ကိုင်းယူနိုက်တက်အသင်းအတွက် ဂိုးစတင်သွင်းယူပြီး ၁၇ မိနစ်တွင် ကောင်းမြတ်သူက နောက်တစ်ဂိုး ထပ်သွင်းကာ ပထမပိုင်းအပြီးတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းအစတွင်လည်း စစ်ကိုင်းယူနိုက်တက်အသင်းကသာ ပိုဖိကစားနိုင်ခဲ့ပြီး ၄၉ မိနစ်တွင် ရာဇာအောင်နှင့် ၅၅ မိနစ်တွင် ထူးဝေယံက ဂိုးများထပ်မံသွင်းယူခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ဂိုးသွင်းခွင့်များ ရသော်လည်း အဆုံးသတ် အားနည်းမှုကြောင့် နစ်နာခဲ့ပြီး ပွဲပြီးခါနီးမှ ဂိုးများပြန်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် ချေပဂိုးများကို ၇၉ မိနစ်တွင် ကောင်းမြတ်ငြိမ်းနှင့် ၈၃ မိနစ်တွင် မာတီးနိုက သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ကို နှစ်ဂိုးသွင်းယူခဲ့သည့် စစ်ကိုင်းယူနိုက်တက် တိုက်စစ်မှူး ရာဇာအောင်ကရရှိပြီး အမှတ်တရဆုနှင့်ဆုကြေးငွေကျပ်၁၀ သိန်းရရှိသည်။

ပွဲစဉ်(၂)အပြီးတွင် ဒဂုံစတားယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်းက ခြောက်မှတ်စီ၊ ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်းက လေးမှတ်စီ၊ စစ်ကိုင်းယူနိုက်တက်နှင့် ဧရာဝတီ ယူနိုက်တက်အသင်းက သုံးမှတ်စီ၊ သစ္စာအားမာန်နှင့် ရန်ကုန်စီးတီးအသင်းက နှစ်မှတ်စီ၊ ဟံသာဝတီ ယူနိုက်တက်နှင့် မြဝတီအသင်းက တစ်မှတ်စီရရှိထားပြီး အား/ကာသိပ္ပံနှင့် Chinland အသင်းက အမှတ်မရသေးပေ။ **သတင်း – ကိုညီလေး၊ ဓာတ်ပုံ – ML**

**❋ AFC မှ**




ယင်းပွဲကို မူလက လာအိုနိုင်ငံ၌ကစားရမည်ဖြစ်သော်လည်း အိမ်ကွင်းလက်ခံကျင်းပနိုင်ခြင်းမရှိသဖြင့် ရန်ကုန်ယူနိုက်တက်အသင်းက အိမ်ရှင်အဖြစ် ပြောင်းလဲလက်ခံကျင်းပခြင်းဖြစ်သည်။ ခြေစစ်ပွဲကို တစ်ကျော့တည်းသာကျင်းပမည်ဖြစ်ပြီး အနိုင်ရသည့်အသင်းသည် နောက်ဆုံးအဆင့် အရှေ့အာရှဇုန် အုပ်စု(D)သို့ ကျရောက်မည်ဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ယင်းပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ခြေစစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ရခြင်းဖြစ်ပြီး ပြီးခဲ့သည့်ရာသီတွင်လည်း လာအိုကလပ် Ezra အသင်းနှင့် တွေ့ဆုံကာ ပင်နယ်တီအဆုံးအဖြတ်ဖြင့် အရေးနိမ့်ခဲ့သည်။ ထို့ကြောင့် ရန်ကုန်ယူနိုက်တက်အသင်းသည် ရှုံးကြွေးပြန်ဆပ်ပြီး ခြေစစ်ပွဲအောင်မြင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ခြေစစ်ပွဲအောင်မြင်ပါက အင်ဒိုနီးရှားကလပ် ဘော်နီယိုအသင်း၊ ဖိလစ်ပိုင်ကလပ် One Taguig အသင်း၊ တရုတ်တိုင်ပေကလပ် တိုင်နန်စီးတီးအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်မည်ဖြစ်သည်။

ယင်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၇ ရက်က ကျင်းပရာ နှစ်ဖက်အသင်းနည်းပြချုပ်နှင့် အသင်းခေါင်းဆောင်တို့တက်ရောက်သည်။ ရန်ကုန်ယူနိုက်တက်အသင်းနည်းပြချုပ် မာဆယ်လိုက “မနှစ်ကပွဲကို ကျွန်တော်ကြည့်ခဲ့တယ်။ အခုက နည်းပြရော ကစားသမားတွေပါ အပြောင်းအလဲတွေဖြစ်သွားပြီ။ ပွဲကောင်းတစ်ပွဲ ဖြစ်လာမှာပါ။ ကျွန်တော်တို့ အနိုင်ရအောင်ကစားသွားမယ်”ဟု ပြောကြားသည်။ လာအိုကလပ် Ezra အသင်းနည်းပြချုပ် လီယက်ဗီဆိုင်းက “ကစားသမားတွေကလည်း မနက်ဖြန်ပွဲအတွက် အဆင်သင့်ဖြစ်နေပါပြီ။ ရာသီကြိုခြေစမ်းပွဲတွေမှာ နည်းစနစ်ပိုင်းကို အဓိကထားပြီးပြင်ဆင်ခဲ့ပါတယ်။ ခြေစမ်းပွဲနဲ့ ပြိုင်ပွဲက မတူညီပေမယ့်လည်း အကောင်းဆုံးကစားသွားမှာပါ”ဟု ပြောကြားခဲ့သည်။

လာအိုကလပ် Ezra အသင်းသည် စက်တင်ဘာဒုတိယပတ်အတွင်း မြန်မာကလပ်အသင်းများနှင့် နိုင်ငံတကာပြိုင်ပွဲနှစ်ခု၏ ခြေစစ်ပွဲများ ကစားရမည်ဖြစ်ပြီး စက်တင်ဘာ ၁၁၊ ၁၄ ရက်တွင် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း – ချစ်ကိုကို၊ ဓာတ်ပုံ – ML**

**❖ ဘာစီလိုနာမှ**

အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတွေကို ယာမယ်လ်ကနှစ်ဂိုး၊ လိုပက်ဇ်က တစ်ဂိုး၊ ရာဖင်ညာကတစ်ဂိုးနဲ့ ပက်ဒရီကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ လိုပက်ဇ်ဟာ အခုပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ဘာစီလိုနာအသင်းနဲ့အတူ သွင်းဂိုးလေးဂိုး ရှိသွားပြီလည်းဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ဗလင်စီယာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါပွဲစဉ် လေးပွဲစလုံးအနိုင်ရရှိခဲ့သဖြင့် ရမှတ် ၁၂ မှတ် စုဆောင်းနိုင်ခဲ့ကာ အမှတ်ပေးဇယားဒုတိယနေရာက ဒီပို့တီဗိုအသင်းကို နှစ်မှတ်ဖြတ်ကာ ဇယားထိပ်မှာ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဗလင်စီယာအသင်းကတော့ ဘာစီလိုနာအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် လာလီဂါပွဲစဉ်(၄)အပြီးမှာ အမှတ်ပေးဇယား အဆင့်(၂၀)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၃/၄–နဝဒေး၊မြေကွက်အမှတ် ၂၂၊ဧရိယာ(၀.၀၅၇)ဧက၊မြေကွက်တည်နေရာအမှတ်–၆၇/၁၈၊(၁၇)လမ်း (၆)ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ဦးဇော်ဦး(ISN-201414)၊ဒေါ်ခင်ခင်ထွန်း(TKI-017175)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်တစ်ဦးဖြစ်သူဒေါ်ခင်ခင်ထွန်း(ဇနီး)သည်(၁၆–၁၁–၂၀၁၄)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့်ကျန်အမည်ပေါက်ဦးဇော်ဦး(ISN-201414)(၇/ ပတန(နိုင်)၀၁၉၀၇၃)(ခင်ပွန်း)မှတစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း အခြားသောခင်ပွန်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊၎င်းသာလျှင်တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊၎င်းမှလွဲ၍အခြားအမွေဆက်ခံခွင့်ရှိသူတစ်ဦး တစ်ယောက်မျှမရှိကြောင်းကိုန်ဆိုထားသည့်ကျမ်းကျိန်လွှာ၊ထပ်ဆင့်ကျမ်း ကျိန်လွှာ၊ဂရန်မူရင်း၊သေစာရင်း၊အိမ်ထောင်စုလူဦးရေစာရင်း၊နိုင်ငံသားစိစစ် ရေးကတ်တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာရာတရားဝင် ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အ တွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## “ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်း(Star–City)၊ အမှတ်(၂၁၀)၊ ဒုတိယထပ်၊(315) sqft ရှိ City Loft 4 ဟုခေါ်တွင်သော Star City Condo(Studio Room) RCC Building အဆောက်အဦ၏ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးအေး[၁၂/ဥကမ(နိုင်)၂၀၇၇၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးထွန်းလင်းစိုး[၉/သစန(နိုင်)၁၁၉၂၉၆] ကိုင်ဆောင်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူ မရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးထွန်းလင်းစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ပွင့်သက်ဖြူ (LL.B, D.B.L, D.M.L)**
**အထက်တန်းရှေ့နေ (စဥ်–၅၆၆၄၀)**
**အမှတ် (၅)၊ ရွှေပြည်တော်ဝင်လမ်း ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။**
**09–441546394**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း–၃/၁)၊ ဦးပိုင်အမှတ်(၃၀)၊ ၃၇လမ်းနှင့် အောင်သစ္စာလမ်းကြား၊ ၆၇x၆၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုးမြင့်[၉/မရမ(နိုင်)၀၆၂၁၃၅]၊ ဒေါ်ခင်ရွှေ[၉/မရမ(နိုင်)၀၆၂၁၃၄] တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မယ်ဆိုင်ချောင်းရေ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနိုင်

**နေပြည်တော်　စက်တင်ဘာ ၇**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့ (လွယ်တော်ခမ်း ကျေးရွာ)တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၃ ပေ ၁ လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်လက်မခန့် ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် ချောင်းရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃာဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၃၉)၊ ဦးပိုင်အမှတ်(၁၀)၊ ၈၀x၈၁ ကြား၊ ၁၆x၁၇ လမ်းကြားရှိ ဦးသိန်းဟံ(ခ)သိန်းဟန် အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၅၂၂/၂၀၂၅)ဖြင့် ဒေါ်ခင်အုန်းမြင့်(ခ)မတူး ပါ–၅ဦးက အမွေဆက်ခံခဲ့ပြီး အမွေဆက်ခံစာချုပ်အမှတ် (၂၅၄/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်ခင်အုန်းမြင့်(ခ)မတူး[၉/မနမ(နိုင်) ၀၄၂၈၁၀]၊ ဒေါ်ခင်ဝင်းကြည်[၉/မနမ(နိုင်)၀၄၂၇၉၃]၊ ဒေါ်ဝင်းဝင်းခိုင်[၉/မနမ(နိုင်) ၀၄၂၇၉၂]၊ ဒေါ်တင်တင်မိုး[၉/မနမ(နိုင်)၀၀၀၀၃၉]၊ ဦးဇော်မင်းထွန်း[၉/အမဇ(နိုင်) ၀၃၀၀၅၇]၊ ဦးသက်ပိုင်စိုး[၉/အမဇ(နိုင်)၀၄၅၁၇၉]တို့က အမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဒ–၉)၊ ဦးပိုင်အမှတ်(၂၀–က)၊ ၃၄x၄၀ကြား၊၆၅x၆၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သန်းကြည်အေး[၉/မဟမ(နိုင်)၀၁၅၅၁၉]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနက တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသော သံ၊ သံမဏိ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများနှင့် အထွေထွေလူသုံးကုန်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

- (က) နေ့ရက်/အချိန် - ၂၈-၉-၂၀၂၆ရက်နေ့ နံနက်(၁၀:၀၀)နာရီ၊
- (ခ) နေရာ - အကောက်ခွန်ဦးစီးဌာန၊ အကောက်ခွန်သင်တန်းကျောင်းခန်းမ၊ အမှတ် (၂၀၅/၂၁၁)၊ ၄၉ လမ်းနှင့် ၅၀ လမ်းကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
- (ဂ) ပစ္စည်းအမျိုးအမည် - သံ၊ သံမဏိ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများနှင့် အထွေထွေလူသုံးကုန်ပစ္စည်းများ၊
- (ဃ) လေလံပုံစံရောင်းချခြင်း - ၁၆-၉-၂၀၂၆ ရက်နေ့မှ ၁၈-၉-၂၀၂၆ ရက်နေ့အထိ (ရုံးဖွင့်ရက်) ရုံးချိန်အတွင်း လေလံပုံစံ (လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်း ပူးတွဲလျက်) တစ်စုံလျှင် ကျပ် (၁၀၀၀၀/-) (ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ရောင်းချခြင်းနှင့် အာမခံစပေါ်ငွေပေးသွင်းခြင်းကို ၂၁-၉-၂၀၂၆ ရက်နေ့မှ ၂၅-၉-၂၀၂၆ ရက်နေ့အထိ ရုံးဖွင့်ရက် ရုံးချိန်အတွင်း လက်ခံသွားမည်ဖြစ်ပါသည်၊
- (င) ပစ္စည်းပြသမည့်အချိန် - အာမခံစပေါ်ငွေ ပေးသွင်းသူများကိုသာ ၂၁-၉-၂၀၂၆ ရက်နေ့မှ ၂၅-၉-၂၀၂၆ ရက်နေ့အထိ (ရုံးဖွင့်ရက်) နံနက် (၁၀:၀၀) နာရီမှ ညနေ (၁၆:၀၀) နာရီအထိ (၅)ရက် ပြသပါမည်၊
- (စ) ပစ္စည်းပြသမည့်နေရာ - သံ၊ သံမဏိ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများအား အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ ရန်ကုန်တိုင်းနှင့် အထွေထွေလူသုံးကုန်ပစ္စည်းများအား ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ ရန်ကုန်မြို့။

၂။ အသေးစိတ်အချက်အလက် သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန် (ကုန်လှောင်ရုံ)၊ ကွန်ကရစ်ကမ်းနားလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင် သို့မဟုတ် ဖုန်း (၀၉-၅၁၆၅၂၄၁) နှင့် (၀၉-၅၃၅၀၈၆၇) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။**

## အများသိစေရန် အသိပေးကြေညာခြင်း

၂၁ -၅ -၂၀၂၅ နေ့ရက်စွဲ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၅)ပါ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၄)ရပ်ကွက်၊ မလိခလမ်း၊ အမှတ်(၃)၊ အကျယ်အဝန်း(၃၀ ပေx ၅၀ ပေ)ဟုခေါ်တွင်သော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ သားသမီးများဖြစ်သော ရောင်းချသူ ဒေါ်အေးအေးစိုး[၁၂/ရကန(နိုင်)၀၂၆၈၄၉]၊ ဒေါ်အေးအေးမိုး [၁၂/ရကန(နိုင်)၀၂၆၄၂၈]၊ ဒေါ်ခင်လေးထွေး[၁၂/ဥကမ(နိုင်)၀၀၀၁၂၇] တို့ထံမှ အိမ်၊ ခြံ၊ မြေ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုလက်ရှိပိုင်ဆိုင်လျက် တရားဝင်လွှဲပြောင်းခွင့်ရှိသဖြင့် စရန်ငွေတချို့ကို လက်ခံပြီး နှစ်ဦးသဘောတူ စရန်ပေးစာချုပ် ပြုလုပ်ချုပ်ဆိုပြီး ကန့်ကွက်နိုင်ကြောင်း သတင်းစာကြေညာကို ဝယ်ယူသူမှ ကြော်ငြာထည့်ခဲ့ပါသည်။ ယခုအခါ ကျန်ငွေအပြေအကျေပေးချေရန် နှစ်ဦးသဘောတူညီခဲ့ကြသော်လည်း ဝယ်ယူသူဘက်မှ အရောင်းအဝယ်ကို ဆက်လက်လုပ်ကိုင်လိုခြင်း၊ ဆောင်ရွက်လိုခြင်းမရှိတော့ပါဟု အသိပေးပြောဆိုလာသည့်အတွက် စရန်ပေးစာချုပ်မှာ ပျက်ပြယ်သွားသည်ဖြစ်ကြောင်းနှင့် အရောင်းအဝယ်အတည်မဖြစ်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးစိုး[၁၂/ရကန(နိုင်)၀၂၆၈၄၉]၊ ဒေါ်အေးအေးမိုး[၁၂/ရကန(နိုင်)၀၂၆၄၂၈]၊**
**ဒေါ်ခင်လေးထွေး[၁၂/ဥကမ(နိုင်)၀၀၀၁၂၇] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပြည့်ဖြိုးဝင်းမြင့် (LL.B, DIL) WIPO.DL.101 (SWITZERLAND)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၁၁၂)**
**ဖုန်း-၀၉-၄၅၁၆၆၁၆၆၂**

## "ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၁၄၀)ရပ်ကွက်၊ သမာဓိလမ်း၊ အိမ်အမှတ်(၇၁၀/ခ)၊ ပါမစ်အမည်ပေါက် ဒေါ်မြကျင် [၁၂/မဂဒ(နိုင်)၀၄၁၉၁၅]၊ အလျား(၂၀)ပေxအနံ(၆၀)ပေရှိသော မြေကွက်အား ဆက်စပ်စာချုပ်များဖြင့် လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်အေးသန္တာ [၉/မနမ(နိုင်)၁၀၂၉၀၉] မှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးငြိမ်းထွန်း [၅/မရန(နိုင်)၂၄၃၈၉၃]အား ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ၎င်းမြေကွက်အား ဝယ်ယူလိုပါသဖြင့် (၁-၉-၂၀၂၆)ရက်နေ့တွင် စရန်တစ်စိတ်တစ်ဒေသ ပေးချေပြီး၍ ကန့်ကွက်မည့်သူများရှိပါက စာရွက်စာတမ်းအထောက်အထား စုံလင်စွာဖြင့် ကြေးမုံသတင်းစာကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ထိုသို့ကန့်ကွက်ခြင်းမရှိပါလျှင် ဥပဒေနှင့်အညီ အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်အေးငြိမ်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သိမ့်သိမ့်အေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၈၆) (၂၇-၁-၂၀၂၁)**
**အမှတ်(၂၉၄/က)၊ ဦးအောင်ဇေယျလမ်း၊ အောင်တော်မူပန်းခြံ၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၅၅၇၂၅၃၀၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်-ဇဇ-၉၊ ဦးပိုင်အမှတ်-၆၁၊ ၅၁x၅၂ ကြား၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လှီရှောက်စန်း[၁၃/လကန(နိုင်)၀၀၇၅၈၂]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်

ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ (၁၅)ရပ်ကွက်၊ အောင်သုခလမ်းမကြီး၊ အမှတ်(၄၅၁)၊ အလျား (၆၀)ပေxအနံ(၁၀)ပေရှိ မြေကွက်နှင့် အဆိုပါမြေကွက်အမှတ်(၄၅၁)၏ ဦးလှသန်းအမည်ပေါက် မြေငှားဂရန်အကျယ် အလျား (၄၉) ပေxအနံ (၆၀)ပေမြေတို့၏ ပိုင်ရှင်ဖြစ်သူ(ဘ)ဦးသွင်၏သား ဦးလှသန်း [၁၄/ဖပန(နိုင်)၀၄၆၀၀၀]က အဆိုပါမြေကွက်များနှင့်တကွ မြေပေါ်ရှိ တည်ရှိ အကျိုးစီးပွားကိစ္စအရပ်ရပ်တို့အတွက် ၎င်း၏ကိုယ်စား စီမံဆောင်ရွက်နိုင်ရန် ၎င်းယုံကြည်အားထားပြုသူဖြစ်သည့် မိတ်ဆွေရှေ့နေတစ်ဦးအား ခန့်အပ်တာဝန်ပေးလိုက်ပြီဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဦးလှသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်မြင့် (LL.B) အထက်တန်းရှေ့နေ (စဉ်-၂၁၀၄၄)**
**အမှတ်(၈၃)၊ အခန်း(၇)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**Ph:09-420010884, 09-756513275**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်-၅၁၁၊ ဦးပိုင်အမှတ်-၆၀၊ ၄၀ x ၄၁ ကြား၊ ၈၄x ရွှေတချောင်းလမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်ပြုံးပြုံးကြည်[၉/မရမ(နိုင်)၀၁၁၀၀၁]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်-ဖ-၂၊ ဦးပိုင်အမှတ်-၅၂-ခ၊ ၁၁၀.Aလမ်းx၅၈လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်သန်းတင် [၅/ဟမလ(နိုင်)၀၂၈၀၅၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## (၁၅-၃-၂၀၂၆) ရက်နေ့ထုတ်၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၇)၊ (၂၃-၈-၂၀၂၆) ရက်နေ့ထုတ်၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၃၀)၊ (၃၁-၈-၂၀၂၆) ရက်နေ့ထုတ်၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၈) တို့နှင့်စပ်လျဉ်း၍ တရားလွှတ်တော်ရှေ့နေ ခေါ်ခင်မာလာ၏ အသိပေးကြေညာချက်အပေါ် လိုက်နာဆောင်ရွက်ရန် မရှိပါကြောင်းနှင့် ထပ်လောင်းကန့်ကွက်ပါကြောင်း အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်လွင် [၁၂/ဒဂတ(နိုင်)၀၀၈၁၄၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၁)၊ မြေကွက်အမှတ်-(၈၁/ခ)၊ (၉) ရပ်ကွက်၊ ရန်ကုန်အင်းစိန်လမ်းမကြီး၊ လှိုင်မြင့်မိုရ်လမ်းသွယ်(၁)လမ်း၊ အမှတ်-(၂၃/၂၄)၊ ဧရိယာ (၀.၁၀၀) ဧက၊ အကျယ်အဝန်း (၁၈ပေခွဲx၅၅ပေ)ရှိ မြေကွက်သည် ယခင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၏ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၁၂ အမှုတွင် (၉-၉-၂၀၁၁) ရက်နေ့ကချမှတ်သော စီရင်ချက်နှင့် ဒီကရီအရ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမောင်မောင်လွင်မှ တရားရုံးများဖြစ်ကြသော ဒေါ်ရီရီမြင့်နှင့် ဒေါ်ဝလီအမားတို့အပေါ် အနိုင်ဒီကရီရရှိထားသည့် မြေကွက်ဖြစ်ပြီး အဆိုပါစီရင်ချက်နှင့် ဒီကရီမှာလည်း ယနေ့တိုင်အောင် အတည်ဖြစ်လျက်ရှိပါသည်။

အဆိုပါ မြေကွက်နှင့်ပတ်သက်၍ အမှတ် (၂)တရားရုံး ဒေါ်ဝလီအမား၊ ဒေါ်ဌေးဌေးစိုးတို့နှင့် အရောင်းအဝယ်ပြုလုပ်ခြင်းကို (၁၉-၃-၂၀၂၆) ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ-(၂၄) ၌ အတိအလင်း ကန့်ကွက်ခဲ့ပြီး ဖြစ်ပါသည်။

သို့ရာတွင် ဝယ်ယူသူ ဒေါ်ဌေးဌေးစိုးဘက်မှ (၂၃-၈-၂၀၂၆)ရက်စွဲပါ ကြေညာစာတွင်ပါရှိသည့် (၂)ပတ်အတွင်း ကန့်ကွက်သူမှ တရားဥပဒေအရ ဆက်လက်ဆောင်ရွက်ပါရန်ဟု ကြေညာစာနှင့် (၃၁-၈-၂၀၂၆) ရက်စွဲပါ ဖြည့်စွက် ကြေညာခြင်းတို့တွင် ဖော်ပြပါရှိသည့် ကန့်ကွက်သူ၏ ကြေညာခြင်းအား ရုပ်သိမ်းမည်ဟု ယူဆ၍ဟူသော ဖော်ပြပါရှိခြင်းတို့အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်လွင်အနေဖြင့် လိုက်နာဆောင်ရွက်ရန်မရှိပါ။

ဝယ်ယူသူ ဒေါ်ဌေးဌေးစိုးနှင့် တရားဝင်ရောင်းချပိုင်ခွင့်မရှိသူ အမှတ်(၂) တရားရုံး ဒေါ်ဝလီအမားနှင့် အရောင်းအဝယ်ပြုလုပ်ခြင်းသည် ဥပဒေနှင့်မညီသော အရောင်းအဝယ်ပြုလုပ်ခြင်းသာဖြစ်ပါကြောင်း ပြန်လည်သိစေအပ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်လွင်၏ ပိုင်ရေးပိုင်ခွင့်ကို ထိပါးနှောင့်ယှက်လာပါက သက်ဆိုင်ရာ ရဲစခန်း၊ တရားရုံးတို့တွင် ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းကန့်ကွက်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်မာမာသိန်း** | **ဒေါ်နန်းစန္ဒာလင်း** | **ဦးထွန်းသူအောင်** |
| **(LL.B)** | **(LL.B,D.B.L)** | **(LL.B)** |
| **(စဉ်-၈၇၉၂)** | **(စဉ်-၂၀၁၂၉)** | **(စဉ်-၅၅၇၆၄)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**အမှတ် (၅၈)၊ မြေညီထပ်၊ မန္တာရုံလမ်း၊ ကန်/တောင်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၀၆၄၉၅၉၊ ၀၉-၅၀၈၈၆၀၅**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ဖခင်အမည်မှန်

နောင်ချိုမြို့နယ်ခြေမြစ်ပင် အထက်တန်းကျောင်း Grade-12 မှ မဇာဇာမြင့်၏ ဖခင်အမည်မှန်မှာ ဦးသန်းတင့်[၉/အမရ(နိုင်)၁၁၂၈၃၆] ဖြစ်ပါကြောင်း။ **ဦးသန်းတင့်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ခ-ရပ်ကွက်၊ အကွက်အမှတ် ဟ-၆၊ ဦးပိုင်အမှတ်-၄၆ ခဲစင်းတောင်ခြမ်း/မြောက်ခြမ်း၊ ၆၈x၆၉ ကြား၊ ၁၁၆x၁၁၇ ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဆွေသဇင်ဦး[၉/ပမန(နိုင်)၀၀၁၆၆၁]၊ ဦးစိုးဝေလွင်အောင် [၉/ပဥလ(နိုင်)၀၁၇၆၅၄]၊ ဒေါ်နွယ်သန္တာခိုင် [၉/ပဥလ(နိုင်)၀၃၂၄၅]တို့၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၇၈၇၄/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိန်အောင်[၁၃/သပန(နိုင်)၀၅၈၅၀၅] က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င) ရပ်ကွက်၊ အကွက်အမှတ်(ညည-၈)၊ ဦးပိုင်အမှတ်(၁၂)၊ ၁၂၁x၁၂၂ ကြား၊ ၆၁x၆၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးထွန်းလှိုင် [၁/ဗမန(နိုင်)၀၀၁၄၃၀]၊ CZ-၀၄၆၆၃၀ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၈၇၂၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကြည်ကျွန် [၅/ကသန(ဧည့်)၀၀၀၁၀၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေး**
**ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်-ညည-၅၁၊ ဦးပိုင်အမှတ် ၁၉၊ ၅၃x ၅၄ ကြား၊ ၁၂၀x ၁၂၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဒူးရှင်လန်[၁၃/လရန(နိုင်)၀၅၀၈၁၉] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်၊ ဆိပ်ကလေး (အ.ထ.က-ခွဲ) ကျောင်း၊ Grade-12 မှ မောင်ထင်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးရဲမင်းနောင်[၇/ညလပ(နိုင်)၁၄၂၄၀၅] ဖြစ်ပါကြောင်း။

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ညောင်ပင်ကြီးအုပ်စု၊ ပြည်တော်သာ ကျေးရွာနေ ဦးကျော်ဌေးနှင့် ဦးကြည်စိုးလွင်[၇/ရကန(နိုင်)၀၄၃၅၇၅]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်ဌေး(ခ)ဦးကြည်စိုးလွင်**

## "ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း(၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ မြေကွက်အမှတ်(၁၄၉)၊ တိုက်အမှတ်(၈၃၇)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ (ဒုတိယထပ်/၃လွှာ) အခန်းအမှတ်(A-၃)၊ အကျယ်အဝန်း(၁၂½ x ၅၀)ပေရှိ တိုက်ခန်း(၁) ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာချက်"

